ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်၊ သောကြာနေ့၊ (23-3-2012) (၇၀၇၃)

အမွေခံကောင်းတွေ ပေးခဲ့

"တိုင်းပြည်ဖရိုဖရဲ ပြိုကွဲတော့မယ့်အခြေအနေမျိုးနဲ့ ကြုံတွေ့ရတဲ့အခါတိုင်း၊ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ဆုံးပါးရတော့မယ့် အခြေအနေမျိုး ဖြစ်ပေါ်လာတိုင်း တာဝန်သိပြီး သစ္စာရှိတဲ့ တပ်မတော်ဟာ တိုင်းပြည်ကို ဝင်ရောက်ကယ်တင်ထိန်းကျောင်းပေးခဲ့ရတာ အကြိမ်ကြိမ်ရှိခဲ့ပါတယ်။ တပ်မတော်အစိုးရက နိုင်ငံတော်ကို အသစ်ပြန်လည်တည်ဆောက်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် ဆက်လက်တည်ဆောက်ဖို့ အမွေခံကောင်းတွေ ပေးထားခဲ့ပြီးဖြစ်ပါတယ်။ တပ်မတော်အစိုးရက အသင့်ခင်းပေးထားတဲ့လမ်းကိုလျှောက်၊ အသင့်ထိုးပေးထားတဲ့ တံတားကိုဖြတ်ကျော်ပြီး ပို၍ တည်ငြိမ်အေးချမ်းသောနိုင်ငံ၊ ပို၍ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်အောင် ကျွန်တော်တို့အစိုးရသစ်အနေနဲ့ အခြေအနေအချိန်အခါနဲ့ လိုက်လျောညီထွေရှိတဲ့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကိုချမှတ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။"

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
(၃၀-၃-၂၀၁၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး၌ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပါကစ္စတန်သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၁၂ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အာဆစ်ဖ် အလီ ဇာဒါရီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပါကစ္စတန်ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၁၂ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆာအိဒ် ယူဆွတ် ရာဇာ ဂီလာနီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ကျင်းပ

မေးခွန်း (၁)ခု မေးမြန်းဖြေကြား၊ ဥပဒေကြမ်း(၁)ခု အတည်ပြု၊ ဥပဒေကြမ်း (၁)ခု ဆွေးနွေး

နေပြည်တော် မတ် ၂၂

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၀၈)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၁)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်း (၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းမေးမြန်းခြင်းကဏ္ဍ၌ ကွမ်းခြံကုန်း မဲဆန္ဒနယ်မှ ဦးလွန်းသီ၏ **မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ ပင်လယ်ပြင်နှစ်နိုင်ငံနယ်နိမိတ်နှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ပင်လယ်သမုဒ္ဒရာ ဥပဒေဆိုင်ရာ တရားရုံးက နှစ်ဖက်လျှောက်လဲချက်များကို ကြားနာပြီး ၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်တွင် အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်ရာ မြန်မာနိုင်ငံက ရှာဖွေတွေ့ရှိထားသည့် A1/A3 သဘာဝဓာတ်ငွေ့သိုက်များနှင့် လွတ်ကင်းခြင်း ရှိ/မရှိနှင့် နယ်နိမိတ်ဆုံးဖြတ်ချက်အခြေအနေတို့ကို မြန်မာပြည်သူပြည်သားများသို့ ဤလွှတ်တော်မှ တစ်ဆင့် ဖြေကြားပေးပါရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်ရေနယ်နိမိတ် သတ်မှတ်ရေးအမှုနှင့်ပတ်သက်၍ အပိုင်း (၁) ဆွေးနွေးပွဲများ၊ အပိုင်း(၂) ITLOS ၌ တရားစီရင်ခြင်းနှင့် အပိုင်း(၃) အထွေထွေအပိုင်းအဖြစ် အပိုင်း (၃)ပိုင်း ခွဲ၍ ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ရေနယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံအကြား ပိုင်နက်ပင်လယ်၊ ကမ်းလွန်ရေတိမ်ပိုင်းနှင့် သီးသန့်စီးပွားရေးဇုန်နယ်နိမိတ်ကို သတ်မှတ်နိုင်ရေးအတွက် ၁၉၇၄ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ကျင်းပခဲ့ပါကြောင်း၊ ဤဆွေးနွေးပွဲများတွင် နှစ်နိုင်ငံတူညီသော အခြေခံ (common ground) ကို မတည်ဆောက်နိုင်သဖြင့် တိုးတက်မှု တစ်စုံတစ်ရာမျှ မရရှိခဲ့ဘဲ ၁၉၈၆ ခုနှစ်တွင် ဆွေးနွေးပွဲများကို (၂၁)နှစ်ကြာ ရပ်ဆိုင်းခဲ့ပါကြောင်း၊ သို့သော် ၂၀၀၈ ခုနှစ် အောက်တိုဘာတွင် မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ရေနံလုပ်ကွက် AD-7 တွင် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေသော တိုင်းတာရေးသင်္ဘောအား ဘင်္ဂလားဒေ့ရှ်ရေပိုင်နက်အတွင်း ကျရောက်နေကြောင်းနှင့် တိုင်းတာမှုကိုရပ်ဆိုင်းရန် ဘင်္ဂလားဒေ့ရှ်က တောင်းဆိုသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါကြောင်း။

နှစ်နိုင်ငံအကြား တင်းမာမှုများအား ရှောင်ရှားနိုင်ရန်အတွက် ပင်လယ်နယ်နိမိတ် သတ်မှတ်ရေး ကျွမ်းကျင်သူအဆင့် ဆွေးနွေးပွဲများကို ၂၉-၃-၂၀၀၈ ရက်နေ့မှ ၁၈-၃-၂၀၁၀ ရက်အထိ (၆)ကြိမ် ပြန်လည်ပြုလုပ်ခဲ့ပါကြောင်း၊ ဆွေးနွေးပွဲများ ပြန်လည်ကျင်းပနေချိန်ကာလအတွင်းမှာပင် ဘင်္ဂလားဒေ့ရှ်ဘက်က အနုညာတစီရင်ဆုံးဖြတ်ခြင်းခုံအဖွဲ့ ဖွဲ့စည်းဖြေရှင်းရန် မြန်မာဘက်သို့ အကြောင်းကြားခဲ့ပါကြောင်း၊ ထိုသို့ဖွဲ့စည်းဖြေရှင်းရာတွင် နှစ်နိုင်ငံ ခုံသမာဓိ လူကြီးများအား ရွေးချယ်မှုတွင် သဘောတူညီမှု မရရှိခဲ့သဖြင့် ဤပင်လယ်နယ်နိမိတ် သတ်မှတ်ရေးအငြင်းပွားမှုအား ITLOS သို့ တင်သွင်းဖြေရှင်းရန် နှစ်နိုင်ငံသဘောတူညီခဲ့ပါကြောင်း၊ နှစ်နိုင်ငံပြန်လည်ဆွေးနွေးနေစဉ်ကာလများတွင်လည်း ဘင်္ဂလားဒေ့ရှ်က ၁၉၅ ဒီဂရီမျဉ်းကိုပင် ထပ်မံ၍ တောင်းဆိုခဲ့သည့်အတွက် နှစ်နိုင်ငံအကြား သဘောတူညီချက် တစ်စုံတစ်ရာမျှ မရရှိခဲ့၍ မြန်မာနိုင်ငံသည် နောက်ဆုံးတွင် တရားဥပဒေအရ ဖြေရှင်းရန်နည်းလမ်းကို ရွေးချယ်ခဲ့ပါကြောင်း၊ ကွန်ဗင်းရှင်းဝင် နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှုအရလည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအနေဖြင့် ပဋိညာဉ်စာတမ်းနှင့်အညီ အငြင်းပွားမှုကို ဖြေရှင်းရန်လည်းကောင်း ရည်ရွယ်ရွေးချယ်ခြင်းဖြစ်ပါကြောင်း။

ITLOS တွင် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို ဥပဒေဘောင်အတွင်းမှ အစွမ်းကုန်အကာအကွယ်ပေးနိုင်ရန်၊ မြန်မာနိုင်ငံက ဥပဒေအရ ရသင့်ရထိုက်သည့် ပင်လယ်ဧရိယာရရှိစေရန်၊ မိမိပိုင် ပင်လယ်ဧရိယာ မဆုံးရှုံးစေရန် အထူးလုပ်ငန်းဦးစီးအဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးဖွဲ့စည်းခဲ့ပါကြောင်း၊ အထူးလုပ်ငန်းဦးစီးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဥပဒေကျွမ်းကျင်သူအဖွဲ့နှင့် နည်းပညာကျွမ်းကျင်သူအဖွဲ့တို့ကို ဖွဲ့စည်းပြီး တာဝန်ပေးလေ့လာစေခဲ့ပါကြောင်း၊ ယင်းဥပဒေ၊ နည်းပညာကျွမ်းကျင်အဖွဲ့သည် ITLOS သို့ သွားရောက်နိုင်ရန်ဥပဒေ၊ နည်းပညာဘက်ပေါင်းစုံမှ ပြင်ဆင်ဆောင်ရွက်ထားရှိခဲ့ပါကြောင်း၊ ထို့အတူ မိမိဥပဒေ၊ နည်းပညာကျွမ်းကျင်အဖွဲ့များနှင့် ပေါင်းစည်းညှိနှိုင်းဆောင်ရွက်ရန်အတွက် နိုင်ငံတကာဥပဒေပညာရှင်များ၊ တိုင်းတာရေးပညာရှင်များကို ငှားရမ်းဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး (၂၅)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ITLOS တွင် ဖြေရှင်းရန်အတွက် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဆောင်ရွက်ခဲ့ပြီး ဒုတိယကိုယ်စားလှယ်များအဖြစ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်လှမျိုးနွယ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့က အသီးသီးဆောင်ရွက်ခဲ့ကြပါကြောင်း၊ နိုင်ငံတကာဥပဒေပညာရှင်များ၊ တိုင်းတာရေးပညာရှင်များအဖြစ်-

- Lead Counsel Mr Alain Pellet, Professor, University of Paris Ouest, Nanterre La Défense, France, Member and former Chairman of the International Law Commission, Associate Member of the Institut de droit international,

စာမျက်နှာ ၄ ကော်လံ ၁ သို့

ကြေးမုံစာတည်းရှုထောင့်

၂၃-၃-၂၀၁၂[သောကြာနေ့]။

ဝက်သက်ကာကွယ် ရင်သွေးငယ်

မျက်မှောက်ကမ္ဘာတွင် ဆေးပညာရှင်တို့က ရောဂါကာကွယ်ဆေးအသစ်များ၊ ရောဂါကုသရေးဆေးအသစ်များကို သုတေသနပြု ထုတ်လုပ်နေကြသည်။ အကျိုးဆက်များအဖြစ် ရောဂါကြီးများဖြစ်ပွားနှုန်း လျော့နည်းလာပြီး သေဆုံးနှုန်းများ ကျဆင်းလာသည်ကို တွေ့ရသည်။ သို့သော် ရောဂါအသစ်အဆန်းများ၊ ရောဂါဖြစ်ပွားမှုများ ပျံ့နှံ့လာမှုအန္တရာယ်များကိုလည်း ရင်ဆိုင်နေကြရဆဲဖြစ်သည်။

အထူးသဖြင့် ကူးစက်ရောဂါများကြောင့် သေဆုံးရသူများတွင် (၅)နှစ်အောက် ကလေးငယ် သန်းပေါင်းများစွာ ပါဝင်နေသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကလေးငယ်များ၏ တစ်ရာခိုင်နှုန်းသည် အသက်(၆)နှစ်မပြည့်မီ သေဆုံးကြပြီး မဖွံ့ဖြိုးသေးသောနိုင်ငံများတွင် ကလေးငယ်များ၏ ၂၀ ရာခိုင်နှုန်းခန့်ရှိသည်။ သုတေသနမှတ်တမ်းများအရ နှစ်စဉ်အသက်(၅) နှစ်အောက် ကလေးဦးရေ နှစ်သန်းကျော်ခန့်ရှိရာ ကာကွယ်ဆေးများဖြင့် ကာကွယ်၍ရနိုင်ပါလျက် သေဆုံးနေကြရသည်ကို တွေ့ရသည်။

ကာကွယ်ဆေးများဖြင့် ကာကွယ်၍ရသောရောဂါများ၏ ၄၈ ရာခိုင်နှုန်းသည် ဝက်သက်ရောဂါဖြစ်သည်။ မေးခိုင်ရောဂါ၊ ကြက်ညှာချောင်းဆိုး ရောဂါ၊ ဆုံဆို့နာရောဂါ၊ တီဘီဦးနှောက်အမြှေးရောင်ရောဂါတို့ကြောင့်လည်း သေဆုံးမှုများရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနက (၁)နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၈၅ ရာခိုင်နှုန်းခန့် လွှမ်းခြုံကာကွယ်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဝက်သက်ကာကွယ်ဆေးထိုးခြင်းကို ၁၉၈၇ ခုနှစ်က စတင်ခဲ့သည်။ နိုင်ငံအနှံ့ဆေးထိုးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် သုံးကြိမ်ခွဲ၍ နိုင်ငံအနှံ့ ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်။ ယခုအခါ ဝက်သက်ရောဂါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများရှိ ကလေးငယ်များကို ခြိမ်းခြောက်လျက်ရှိသည်။ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ (ဘီ)ရောဂါနှင့် ဝက်သက်ရောဂါတို့ကို ကာကွယ်နိုင်သည့် ကာကွယ်ဆေးအသစ်ကို ထိုးနှံပေးကြရန် လိုအပ်လာပြီဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်းလုံး၌ အစုအဖွဲ့အလိုက် ဝက်သက်ကာကွယ်ဆေးထိုးသည့်လုပ်ငန်းများကို မတ် ၂၂ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိသည်။ ရင်သွေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးကို ပုံမှန်အားဖြင့် အသက်(၉)လပြည့်လျှင်တစ်ကြိမ်၊ ကလေး(၁)နှစ်ခွဲ(၁၈လ)တွင် ဒုတိယအကြိမ် ထိုးနှံပေးခဲ့သော်လည်း ဝက်သက်ရောဂါခုခံအားမရရှိသောကလေးများ ကျန်ရှိနိုင်သဖြင့် ယခုကဲ့သို့ အစုလိုက် ကာကွယ်ဆေးထပ်မံထိုးနှံပေးခြင်းဖြစ်သည်။

ဝက်သက်ရောဂါသည် ပြင်းထန်သည့် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားပြီး ကလေးငယ်များ သေဆုံးမှုတွင် အဓိကရောဂါအဖြစ် တွေ့ရသည်။ ကူးစက်လွယ်သည်။ ရောဂါဖြစ်ပွားလျှင် အပြင်းဖျားမည်။ နှာရည်ယိုချောင်းဆိုးမည်။ အဖုအပိမ့်နှင့် အနီကွက်များ ထွက်လာတတ်သည်။ (၅)နှစ်အောက် ကလေးများတွင် အဖြစ်များပြီး နောက်ဆက်တွဲရောဂါအဖြစ် ဝမ်းလျှောခြင်း၊ မျက်စိကွယ်ခြင်း၊ ဦးနှောက်ရောင်ရမ်းခြင်းတို့ဖြစ်နိုင်သည်။ ရောဂါပြင်းထန်လျှင် သေဆုံးနိုင်သည်။

ယခင်က ကာကွယ်ဆေးတစ်မျိုးချင်း ထိုးနှံရသဖြင့် ရင်သွေးငယ်များ အကြိမ်ကြိမ် ဆေးထိုးခံကြရသည်။ ယခုအစုအဖွဲ့အလိုက် ထိုးပေးနေသည့် ကာကွယ်ဆေးအသစ်သည် တစ်ကြိမ်တည်းထိုးရုံဖြင့် ကာကွယ်ဆေးငါးမျိုး ထိုးပြီးသားဖြစ်သွားသည်။ မြို့နယ်၊ ကျေးလက်ဒေသတိုင်းရှိ မိဘပြည်သူများက မိမိတို့၏ အသက်(၉)လမှ (၅)နှစ်အရွယ် ရင်သွေးငယ်များ ကျန်းမာပျော်ရွှင်စေရေး ဝက်သက်ရောဂါကာကွယ်ဆေး မပျက်မကွက် သွားရောက်ထိုးနှံကြရန် တိုက်တွန်းလိုက်ပါသည်။ ။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၂

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် မတ် ၂၁ ရက် နံနက် ၈ နာရီတွင် တောင်တွင်းကြီးမြို့နယ် တရုတ်တောအုပ်စု ကွမ်းခြံစုရွာ၌ ကန်တော်ကြီး ဆည်ရေသောက်အတွင်း စက်ယန္တရားကြီးများဖြင့် အဆင့်မြင့်လယ်ယာ ၁၀ ဧက ဖော်ထုတ်နေမှုကို ကြည့်ရှု၍ မိုးစပါးစိုက်ပျိုးရာသီအမီ ဖော်ထုတ်ပြီးစီးရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ယင်းနောက် သမန်းကုန်းရွာ၌ တောင်သူပညာပေး စံပြစပါးစိုက်ကွက် ဧက ၂၀ တွင် နွေစပါး ပုလဲသွယ်မျိုး စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နံနက် ၉ နာရီတွင် တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး တောင်တွင်းကြီးမြို့၌ ငါးသားဖောက်လုပ်ငန်း၊ ငါးကန်များဖြင့် ရွှေဝါငါးကြင်းနှင့် တီလားဗီးယားငါးများ မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ တောင်တွင်းကြီးမြို့ ဇေယျမင်္ဂလာ ရွှေအင်းတောင်စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပြီးစီးမှုကို ဖူးမြော်ကြည်ညိုသည်။

ထို့နောက် မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာ တိုက်နယ်ဆေးရုံသစ် ဆောက်လုပ်မည့် လျာထားမြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၁၂ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီနာရာဘာနီခါ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ခွဲစိတ်ခန်းသုံးရေသန့်စင်စက် တပ်ဆင်အသုံးပြုပြီ

နေပြည်တော် မတ် ၂၂

နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူနှင့် ခွဲစိတ်ခန်းတာဝန်ကျ ဆရာဝန်များအား ခွဲစိတ်ခန်းသုံးရေသန့်စင်စက်နှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင် သောက်သုံးရေသန့် ရရှိရေးအတွက် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ ကူညီစီစဉ်မှုဖြင့် TAC Water Engineering Enterprise က ခွဲစိတ်ခန်းသုံး ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းကို မတ် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ မတ် ၁၄ရက်တွင် အောင်မြင်စွာတပ်ဆင်ပြီးစီးခဲ့ပြီဖြစ်သည်။

အဆိုပါ ခွဲစိတ်ခန်းသုံးရေသန့်စင်စက် (OT Water System)သည် အရည်အသွေးစိတ်ချရသော စက်ပစ္စည်းအစိတ်အပိုင်းများ (US NSF Standard Filtration)ဖြင့် တပ်ဆင်ပြုလုပ်ထားသဖြင့် ရေအရည်အသွေး မြင့်မားကောင်းမွန်ကြောင်း သိရသည်။

ယခင်က သောက်သုံးရေအတွက် နေပြည်တော်ကောင်စီမှ ဖြန့်ဝေပေးသည့် ရေကိုသာ အသုံးပြုခဲ့ရပြီး ယခုအခါ ရေသန့်စင်စက် တပ်ဆင်နိုင်မှုကြောင့် ဆေးရုံသုံးပစ္စည်းများနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများကို ရေသန့်ဖြင့် အသုံးပြုနိုင်သဖြင့် ပိုမိုတာရှည်ခံသည့် အကျိုးကျေးဇူးများရရှိကြောင်း၊ ထို့ပြင် ပြင်ပလူနာဌာန၌ ရေသန့်စင်စက်တစ်လုံး ထပ်မံတပ်ဆင်သွားရန် စီစဉ်ထားသဖြင့် လူနာများ၊ လူနာစောင့်များနှင့် ခွဲစိတ်ခန်း (၂)ခန်းအတွက် ရေသန့်ရရှိမှု ပြည့်စုံသွားမည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူက ပြောကြားသည်။

ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနသည် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီးဝင်းအတွင်း RG 02 တွင်းတူးစက်ဖြင့် လေးလက်မ စက်ရေတွင်းကို ပေ ၃၀၀မှ ပေ ၅၀၀အထိ အောင်မြင်စွာ တူးဖော်ပေးနိုင်ခဲ့ပြီး ယခုရေသန့်စင်စက်သည် စက်ရေတွင်း ခုနစ်တွင်းအနက်မှ ဓာတုဗေဒစမ်းသပ်ချက်များအရ အကောင်းဆုံးတွင်းမှ ရေကို အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။ (ကိုထွေး)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၃-၂၀၁၂ (သောကြာနေ့)

- ၇း၁၀ တရားတော်
- ၈း၁၅ ဇာတ်လမ်းတို
- ၄း၂၀ ပညာပေးဇာတ်လမ်းတို
- ၄း၅၀ အိုင်စီတီသုတ
- ၅း၃၀ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
- ၆း၃၀ ‘ရွှာ’ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၄၁) -မိခင်စိတ် (နိုင်ဝင်း၊ သူရဇ္ဇ၊ အိုင်းလောင်၊ ထင်လင်းညိုနှင့် သရုပ်ဆောင်များ)
- ၆း၄၅ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၁၇)**
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံရေးပါတီများ ဟောပြောချက် -မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ -မြန်မာအမျိုးသားကွန်ကရက် -ယနေ့ရန်ကုန်မြင်ကွင်းစုံ -(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် သံစဉ်များနှင့်ကမ္ဘာ **-(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း -အဖေတူသား(ဒုတိယပိုင်း) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “သမုဒ္ဒယနှောင်ကြိုး” (အပိုင်း-၁၄)**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက် တို့အား အမှူးထား၍ သားသမီးမြေး မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်) တွင် ဆောက်လုပ်ပြီးစီးပြီဖြစ်သော သံဃာဆေးကုသဆောင်သစ်ကြီး၌ ထားရှိအသုံးပြုရန် အဝတ်လျှော်၊ ခြောက်၊ မီးပူတိုက်စက် အပါအဝင် သန့်ရှင်းရေးစက်ကိရိယာ ခုနစ်မျိုးအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၂၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဗိုလ်မှူးချုပ်တင့်ဆွေ(ငြိမ်း)နှင့် ဥက္ကဋ္ဌ ဦးမောင်မောင်တို့ လက်ခံကြစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနဘီးလိုမ့်ခွန်များ ကွင်းဆင်းကောက်ခံ

မန္တလေး မတ် ၂၂

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဘီးခွန်ဌာနခွဲက ဘီးလိုမ့်ခွန်များကို မန္တလေးမြို့ အဆင့်မြင့်ဈေးချိုနှင့် ရတနာပုံဈေးများတွင် ဈေးသူ ဈေးသားများ၊ ဈေးသွားဈေးလာမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ အဆင်ပြေစွာ ဘီးလိုမ့်ခွန်ဆောင်နိုင်ရန်အတွက် အခွန်ဌာနခွဲ ဝန်ထမ်းများက မတ်လအတွင်း စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ကွင်းဆင်းကောက်ခံပေးလျက်ရှိသည်။ ရုံးဖွင့်ရက်များတွင် မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးဝင်းအတွင်း ဘီးလိုမ့်ခွန်ဆောင်ရန်ဌာနတွင် လာရောက်ပေးဆောင်နိုင်သည်။ မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်ပိုင်ရှင်များသည် ၂၀၁၂ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထားပေးဆောင်ကြရန်နှင့် မတ် ၃၁ ရက် နောက်ပိုင်းပေးဆောင်ပါက ဒဏ်ကြေးပူးတွဲပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)** (၆၅၃)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၂ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၈၄၄၉	၀. ၀၃၂၄၂
တရုတ် (ယွမ်)	၆. ၃၀၃၉၀	၀. ၁၅၈၆၃
အိန္ဒိယ (ရူပီး)	၅၁. ၂၁၇၈	၀. ၀၁၉၅၂
မလေးရှား (ရင်းဂစ်)	၃. ၀၇၈၃၀	၀. ၃၂၄၈၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၆၆၄၄	၀. ၇၈၉၆၁
ဂျပန် (ယန်း)	၈၃. ၁၅၄၁	၀. ၀၁၂၀၃
တောင်ကိုရီးယား(ဝမ်)	၁၁၃၀. ၀၁	၀. ၀၀၀၈၈
ယူရို	၀. ၇၅၉၃၅	၁. ၃၁၆၉၁
ဗြိတိသျှ (ပေါင်)	၀. ၆၃၂၇၅	၁. ၅၈၀၄၁

အင်တာနက်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား အမေရိကန်နိုင်ငံမှညှိ့အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် **မတ်** ၂၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား အမေရိကန်နိုင်ငံ The Global Partnership for Education Secretariat မှ အဖွဲ့ခေါင်းဆောင် Mr. Robert S. Prouty နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ မသင်မနေရ မူလတန်းပညာရေးအစီအစဉ်များ၊ ဆရာအတတ်ပညာ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီပေးရေး၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး (Comprehensive Education Sector Review) ဆွေးနွေးပွဲနှင့် ပညာရေးလေ့လာရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းကြသည်။**(ဓါတ်ပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

နေပြည်တော် **မတ်** ၂၂

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် လွှတ်တော်ကိုယ်စားလှယ် (၂၀)တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၄)ခု မေးမြန်းခြင်းနှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း၊ အဆို(၃)ခု တင်သွင်းခြင်း၊ လက်ခံဆွေးနွေးရန် သင့်/မသင့် ဆွေးနွေးဆုံးဖြတ်ခြင်းနှင့် ပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေကြမ်း တင်သွင်းခြင်းအပေါ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက အကြံပြုဆွေးနွေးခြင်း၊ ဥပဒေမူကြမ်းကို အတည်ပြုခြင်းနှင့် ၂၀၁၂ ခုနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား တင်သွင်းခြင်းတို့ကိုဆောင်ရွက်ပြီး အစည်းအဝေးကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ကားလမ်းနှင့် ရထားလမ်း ယှဉ်တွဲပါဝင်သည့် ဧရာဝတီတံတား(မလွန်)သံပေါင်တင်ပြီး တံတားကြီးပြီးသွားလျှင် ဧရာဝတီမြစ်အနောက်ဘက်ကမ်းဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်

သတင်းဆောင်းပါး
ခရမ်းစိုးမြင့်
ဓာတ်ပုံ - ကျော်မိုးလွင်

ဧရာဝတီတံတား(မလွန်)တွင် ကားလမ်းနှင့် ရထားလမ်း တံတားများ ပြီးစီးနေသည်ကို ဤသို့ တွေ့ရစဉ်။

မြေလတ်ဒေသ၏ လတပေါင်းသည် နေ့ပူ၍ ညချမ်းနေ၏။ နံနက်စောစော လေနုအေးကလေးက ဧရာဝတီမြစ်ကို ဖြတ်သန်းတိုက်ခတ်လာရလို့ထင်ပါရဲ့ စိမ့်စိမ့်ကလေးအေးနေသည်။ ထိုလေနုအေးကလေးနှင့်အတူ မြစ်ကမ်းနဖူးပေါ်ရှိစေတီကလေးမှ ဆည်းလည်းသံများက တချွင်ချွင်ဖြင့် ကြည်နူးဖွယ်။ စီမံကိန်းဝင်းအတွင်းရှိ သရက်ပင်ကြီးများကလည်း ပင်လုံးပြည့်ဖူးသည့်အပင်ကဖူး၊ ပွင့်သည့်အပင်ကပွင့်ဖြင့် ထို့အပြင် ရောင်စုံစက္ကူပန်းရုံများကလည်း နီတစ်ခက် ဝါတစ်ခက်ဖြင့် လှချင်တိုင်းလှနေသည်။ ထိုထိုသော အလှများထက် ဧရာဝတီမြစ်ကြီးပေါ်၌ ဖြတ်သန်းတည်ဆောက်နေသည့် တံတားကြီးက ပို၍ လှနေသည်။

ကျွန်တော်သည် ဧရာဝတီမြစ်ကြီးပေါ်မှ တစ်စင်းပြီးတစ်စင်းဖွင့်ခဲ့သော တံတားကြီးများဖြစ်ကြသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ညောင်တုန်းသို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးကို ဧရာဝတီမြစ်ကြီးပေါ်မှ ဖြတ်သန်းတည်ဆောက်ခဲ့သည့် ပခုက္ကူတံတားကြီးရှိရာ ပခုက္ကူနှင့် လက်ပန်ခြေပေါ်ရွာသို့လည်းကောင်း၊ စင်းခန်းတံတားကြီးရှိရာ ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာသို့ လည်းကောင်း ရောက်ရှိခဲ့ပြီးဖြစ်သည်။ ယခုလည်း မကြာမီ ပြီးစီးတော့မည့် ဧရာဝတီတံတား(မလွန်)တည်ဆောက်ရာ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မိကျောင်းရဲကျေးရွာသို့ ရောက်ရှိနေခြင်းဖြစ်သည်။

ဧရာဝတီတံတား(မလွန်)သည် မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ရွာသစ်ကျေးရွာနှင့် စစ်ကိုးပင်(စစ်ခိုပင်) အနီး မိကျောင်းရဲ-ပဒ္မနဂိုရ် ကားလမ်း မိုင်တိုင်အမှတ် (၁၁/၄)နှင့် (၁၁/၅) အကြား ဧရာဝတီမြစ်၏စတုတ္ထမြစ်ကျဉ်းနေရာ၌ မြစ်ကိုဖြတ်ကျော်တည်ဆောက်နေသော ကားလမ်းနှစ်လမ်းနှင့် ရထားလမ်းတို့ယှဉ်တွဲပါရှိသည့် တံတားကြီးဖြစ်သည်။

ဧရာဝတီတံတား(မလွန်) တံတားဆိုင်ရာ အချက်အလက်များ-

<u>တည်နေရာ</u>-မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရွာသစ်ကျေးရွာနှင့် စစ်ကိုးပင်(စစ်ခိုပင်)ကျေးရွာအနီး မိကျောင်းရဲ-ပဒ္မနဂိုရ်ကားလမ်း မိုင်တိုင်အမှတ် (၁၁/၄)နှင့် (၁၁/၅)အကြား၊

<u>တံတားအရှည်</u>- ပင်မတံတားပေ ၃၂၁၅ ပေ၊

ချဉ်းကပ်တံတား (ကားလမ်း)-မိကျောင်းရဲဘက်ကမ်း ၁၃၁၂ ပေ၊ မလွန်ဘက်ကမ်း ၁၃၁၂ ပေ၊

ချဉ်းကပ်တံတား (ရထားလမ်း)-မိကျောင်းရဲဘက်ကမ်း ၁၉၂၇ ပေ၊ မလွန်ဘက်ကမ်း ၂၀၁၂ ပေ၊

<u>တံတားအကျယ်</u>- ကားလမ်း ၂၈ ပေ၊ ရထားလမ်း ၁၀ ပေ၊ လူသွားလမ်း တစ်ဖက်လျှင်သုံးပေ၊

<u>တံတားအမျိုးအစား</u>

(က) **အုတ်မြစ်**-အချင်း ၁ ဒသမ ၅ မီတာလွန်တူးပိုင်၊

(ခ) **တံတားအောက်ထည်** - သံကူကွန်ကရစ်၊

(ဂ) **တံတားအပေါ်ထည်** - ပင်မတံတား-သံမဏိသံပေါင်၊

ချဉ်းကပ်တံတား (ကားလမ်း)-သံကူကွန်ကရစ်၊

ချဉ်းကပ်တံတား (ရထားလမ်း)-သံကူကွန်ကရစ်၊

<u>ရေလမ်းကင်းလွတ်အကျယ်</u>-၃၂၀ ပေ၊

<u>ရေလမ်းကင်းလွတ်အမြင့်</u>- ၇၅ ပေ၊

<u>ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်</u>-၆၀ တန်၊

<u>ခန့်မှန်းစီမံကိန်းတန်ဖိုး</u>-ကျပ်သန်းပေါင်း ၄၅၃၅၃ ဒသမ ၉၀၊

<u>စီမံကိန်းစတင်သည့်ရက်</u>-၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက် ဖြစ်သည်။

ဤတံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၄) မှ တာဝန်ယူတည်ဆောက်နေသော ကားနှင့်မီးရထား နှစ်မျိုးသွားနိုင်သည့် တံတားကြီးဖြစ်ပြီး ဧရာဝတီမြစ်၏ ပေ ၂၉၀၀ အကျယ်ရှိသည့် မြစ်ကျဉ်းနေရာမှာ တည်ဆောက်လျက်ရှိသောကြောင့် ရေကြောင်းကောင်းပြီး သင်္ဘောများ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ မိကျောင်းရဲဘက်ကမ်း ချဉ်းကပ်ကားလမ်းမှာ သစ်ရာကောက်-ပဒ္မနဂိုရ်ကားလမ်းနှင့် မိုင်တိုင်အမှတ်(၁၁/၃)တွေ့ဆုံပြီး ပြည်-အောင်လံ-မကွေးကားလမ်းနှင့် မိုင်တိုင်အမှတ်(၃၀၁/၁)တွင် သွားရောက်တွေ့ဆုံမှာဖြစ်သည်ဆို၏။

မလွန်ဘက်ကမ်း ချဉ်းကပ်ကားလမ်းမှာလည်း မလွန်မြို့သို့ ငါးမိုင်ခန့်သာကွာဝေးပြီး ထိုမှတစ်ဆင့် ပုသိမ်- မုံရွာကားလမ်းနှင့်ဆက်သွယ်၍ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ရန်ကုန်-ပြည်-မကွေး-မန္တလေး ကားလမ်းတို့နှင့် အလွယ်တကူ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရေစီးသန်သောနေရာတွင် တံတားတည်ဆောက်ထားခြင်း ဖြစ်၍ သင်္ဘောများလည်း သွားလာမှုမြန်ဆန်စေမည်ဖြစ်ပြီး ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ ရေနက်ဆိပ်ကမ်းမှတစ်ဆင့် ကုန်ထုတ်ပို့ဆောင်ရန် လမ်းပေါ်ရှိ တံတားကြီးလည်း ဖြစ်ကြောင်း သိရသည်။ ။



ဧရာဝတီတံတား(မလွန်) ပင်မတံတားကြီးအား သံပေါင်များ တပ်ဆင်လျက်ရှိသည်ကို ဤသို့ တွေ့ရစဉ်။

တံတားသံပေါင်များ တပ်ဆင်နိုင်ရန် တံတားရေလယ်တိုင်များ ပြီးစီးလျက်ရှိသည်ကို တွေ့ရစဉ်။

❐ ရှေ့ဖုံးမှ

- Sir Michael Wood, K.C.M.G., Member of the English Bar, United Kingdom, Member of the International Law Commission,
- Mr Mathias Forteau, Professor, University of Paris Ouest, Nanterre La De'fense, France,
- Mr Daniel MÜller, Consultant in Public International Law, Researcher, Centre de droit international de Nanterre (CEDIN), University of Paris Ouest, Nanterre La De'fense, France,
- Mr Coalter Lathrop, Attorney-Adviser, Sovereign Geographic, Member of the North Carolina Bar, United States of America,
- Mr Benjamin Samson, Researcher, Centre de droit international de Nanterre (CEDIN), University of Paris Ouest, Nanterre La De'fense, France,
- Mr Eran Sthoeger, LL.M., New York University School of Law, United States of America,
- Ms He'loïse Bajer-Pellet, Lawyer, Member of the Paris Bar, France, Geologist Dr.Thura Oo, Pro-Rector of the Meiktila University, Myanmar,
- Mr Min Thein Tint, Captain, Commanding Officer, Myanmar Naval Hydrographic Center,
- Mr Coalter Lathrop, Attorney-Adviser, Sovereign Geographic, Member of the North Carolina Bar, United States of America,
- Mr Octavian Buzatu, Hydrographer,Romania, အစရှိသည့်ရေပုံ၊ မြေပုံကျွမ်းကျင်သူပညာရှင်များအား ငှားရမ်းဆောင်ရွက်ခဲ့ပါကြောင်း။

ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း ယင်းနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီး Ms Dipu Moni, ဒုတိယကိုယ်စားလှယ်အဖြစ် Mr Md. Khurshed Alam,Rear Admiral (Retd),Additional Secretary, Ministry of Foreign Affairs တို့က ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ နိုင်ငံတကာဥပဒေပညာရှင်များ၊ တိုင်းတာရေးပညာရှင်များကို ငှားရမ်းဆောင်ရွက်ခဲ့သည်ကို သိရှိရပါကြောင်း၊ ITLOS ၌ တရားရေးလုပ်ငန်းစဉ်များအဖြစ် စာဖြင့်ရေးသားတင်ပြခြင်း၊ နှုတ်ဖြင့်လျှောက်လဲချက်တင်သွင်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်သည်နှင့်အညီ ဘင်္ဂလားဒေ့ရှ်က အဆိုလွှာ(Memorial)နှင့် တုံ့ပြန်လွှာ(Reply) ကို တင်သွင်းခဲ့ပြီး မြန်မာနိုင်ငံဘက်ကလည်း ချေပလွှာ(Counter-Memorial) နှင့် ပြန်လည်ချေပလွှာ(Rejoinder) တို့ကို ITLOS က သတ်မှတ်သည့်ကာလအတွင်း တင်သွင်းခဲ့ပါကြောင်း။

ထို့အတူ ၈-၉-၂၀၁၁ ရက်မှ ၂၄-၉-၂၀၁၁ ရက်အထိ တရားရုံးရှေ့မှောက်တွင် နှစ်နိုင်ငံရှေ့နေများနှင့် တိုင်းတာရေးပညာရှင်၊ မြေပုံဆွဲပညာရှင်များသည် မိမိဘက်က ဥပဒေပညာရှင်၊ ကျွမ်းကျင်သူများနှင့် ပေါင်းစပ်၍ မြေပုံ၊ ရေပုံ၊ သက်သေခံအချက်အလက်များ၊ အမှုအကိုးအကားများ၊ တရားစီရင်ထုံးများဖြင့် ပူးပေါင်းလျှောက်လဲဆောင်ရွက်ခဲ့ကြပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်၏ အဓိကကျသည့် တောင်းဆိုချက်များနှင့် ITLOS ၏ ဆုံးဖြတ်ချက်များမှာ ပိုင်နက်ပင်လယ်နယ်နိမိတ်အတွက် ၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တွင် (၂)နိုင်ငံအကြား သဘောတူစာချုပ်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်၏ တောင်းဆိုချက်ကို ITLOS က လက်မခံပါကြောင်း၊ စိန့်မာတင်ကျွန်းအတွက် ရေဧရိယာ(၁၂) မိုင်အပြင် သီးသန့်စီးပွားရေးဇုန်၊ ကမ်းလွန်ရေတိမ်ပိုင်းအတွက်ပါ တောင်းဆိုချက်အပေါ် ITLOSက ရေမိုင်(၁၂) မိုင်သာပေးခဲ့ပါကြောင်း၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းနယ်နိမိတ်အား ထောင့်တစ်ထောင့်အား ထက်ဝက်ပိုင်း၍ ရရှိသောမျဉ်းအတိုင်း တောင်းဆိုသည့်နည်းလမ်း (Angle Bi-Sector)ကို အသုံးပြုရန် တောင်းဆိုချက်အား ITLOS က လက်မခံခဲ့ပါကြောင်း၊ ရေမိုင်(၂၀၀)ထက်ကျော်လွန်သည့် ကမ်းလွန်ရေတိမ်ပိုင်းနယ်နိမိတ်တိုးချဲ့ရေးအတွက် မြန်မာနိုင်ငံ၏ ကုန်းမြေသည်

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော်အထိ သဘာဝအလျောက်တစ်ဆက်တစ်စပ်တည်း(Natural Prolongation)မရှိဟု တောင်းဆိုချက်အပေါ်လည်း ITLOS က လက်မခံခဲ့ပါကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်က ၁၉၇၄ခုနှစ် အစည်းအဝေးမှတ်တမ်းအား သဘောတူစာချုပ်အဖြစ် ယင်းရေတပ်အရာရှိများသာမက တံငါသည်များပါ သိရှိနားလည်ထားသည်ဟု သက်သေခံစာရွက်စာတမ်းများ တင်သွင်းချက်အပေါ်လည်း ITLOS က ဥပဒေအရ ငြင်းပယ်ခဲ့ပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပိုင်နက်ပင်လယ်နယ်နိမိတ်မျဉ်းတောင်းဆိုရာတွင် ၁၉၇၄ ခုနှစ်က ပြုလုပ်ခဲ့သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ်ပင်လယ်နယ်နိမိတ်သတ်မှတ်ရေး ဒုတိယအကြိမ်ဆွေးနွေးပွဲတွင် ညှိနှိုင်းရရှိခဲ့သည့် သဘောတူညီချက်မှတ်တမ်း (Agreed minutes) ပါ အမှတ်(၇)မှတ်အား ဆက်ဆွဲသောမျဉ်းဖြင့် တောင်းဆိုပါကြောင်း၊ ၎င်းမျဉ်းမှာ နတ်မြစ်ဝထိပ်ရှိ ၁၉၆၆ ခုနှစ်က မြန်မာ-အရှေ့ပါကစ္စတန် (ဘင်္ဂလားဒေ့ရှ်)နတ်မြစ်ပုံသေမြစ်ကြောင်းနယ်နိမိတ်သတ်မှတ်ခဲ့သည့် အမှတ်(၁)မှစတင်၍ ဘင်္ဂလားဒေ့ရှ်ပိုင် စိန့်မာတင်ကျွန်းနှင့် မြန်မာကမ်းရိုးတန်းအကြား အလယ်မှတ်များကို ဆက်ဆွဲပြီး နောက်ဆုံးအမှတ်ဖြစ်သည့် စိန့်မာတင်ကျွန်း၏ တောင်ဘက်စွန်းမှ ရေမိုင် (၁၂)မိုင်စက်ဝိုင်းပြတ်နှင့် မြန်မာ့အနီးဆုံးကမ်းရိုးတန်းမှ ရေမိုင် (၁၂)မိုင်စက်ဝိုင်းပြတ်ထိသော အမှတ်(၇)အထိ ဖြစ်ပါကြောင်း။

ကမ်းလွန်ရေတိမ်ပိုင်းပင်လယ်နယ်နိမိတ်မျဉ်းတောင်းဆိုရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက တောင်းဆိုရာ၌ Angle Bisector Method ဖြစ်သော ထောင့်အား တစ်ဝက်ပိုင်းသော နည်းလမ်းဖြင့် တောင်းဆိုပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နယ်ခြားမြစ်ဖြစ်သော Haribhanga မြစ်၏ အလယ်မှတ်နှင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နယ်ခြားမြစ်ဖြစ်သော နတ်မြစ်ဝ၏ အလယ်မှတ်မှ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းရှိ Bhiff Cape အမှတ်ကို ဆွဲသောမျဉ်းနှစ်ကြောင်း ခံဆောင်သော ထောင့်အား တစ်ဝက်ပိုင်းဖြတ်ရာတွင် ရရှိသောမျဉ်းဖြစ်သည့် ၂၁၅ ဒီဂရီမျဉ်းအား ၎င်းတို့တောင်းဆိုထားသည့် ပိုင်နက်ပင်လယ်နယ်နိမိတ် အဆုံးအမှတ်ဖြစ်သည့် အမှတ်(၇)ပေါ်သို့ ရွှေ့ပြောင်းရေးဆွဲထားပြီး ၎င်း ၂၁၅ ဒီဂရီမျဉ်းအား မြောက်လတ္တီကျူ ၁၇ ဒီဂရီ ၂၅ မိနစ် ၅၀ ဒသမ ၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၀ ဒီဂရီ ၁၅ မိနစ် ၄၉ ဒသမ ၀ စက္ကန့်အထိ ရေးဆွဲထားပါကြောင်း၊ ၎င်းအမှတ်မှ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းမှ ရေမိုင် (၂၀၀) ကွာဝေးသော မျဉ်းတစ်လျှောက် သတ်မှတ်ပြီး နောက်ဆုံးအမှတ်အဖြစ် အန်ဒမန်ပင်လယ်အတွင်း ၁၉၈၆ ခုနှစ်က မြန်မာ-အိန္ဒိယနှစ်နိုင်ငံသဘောတူညီခဲ့သည့် သဘောတူညီစာချုပ်ပါ အမှတ်(၁၆)ထိ ရေးဆွဲသောမျဉ်းအား တောင်းဆိုပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်သည် ကမ်းလွန်ရေတိမ်ပိုင်း နယ်နိမိတ်မျဉ်းအား ကမ်းခြေမှရေမိုင် (၂၀၀)အကျော်ထိ တောင်းဆိုထားပါကြောင်း။

ပင်လယ်နယ်နိမိတ်မျဉ်းများ သတ်မှတ်ပြီးသည့်အခါ နှစ်နိုင်ငံရရှိသော ဧရိယာအချိုးကို ကမ်းရိုးတန်းအလျားအချိုးနှင့် တိုက်ဆိုင်စိစစ်ပြီး ကွာခြားမှုရှိ မရှိ စိစစ်ရပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်အနေဖြင့် ၎င်း၏ Relevant Coast အား သတ်မှတ်ရာတွင် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နယ်ခြားမြစ်ဖြစ်သော Haribhanga မြစ်၏ အလယ်မှတ်နှင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြားနယ်ခြားမြစ်ဖြစ်သော နတ်မြစ်ဝ၏ အလယ်မှတ်ကို ဆက်ဆွဲသောမျဉ်းအား တိုင်းတာသတ်မှတ်ပြီး အလျား ၃၄၈ ဒသမ ၅ ကီလိုမီတာ ရှိသည်ဟု ဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံအတွက် ကမ်းရိုးတန်းအလျားကိုလည်း နတ်မြစ်ဝမှ ရခိုင်ကမ်းရိုးတန်းတစ်ခုလုံးအလျား၏ တစ်ဝက်လောက်သာရှိသော Bluff Cape နေရာအထိ သတ်မှတ်ပြီး အလျား ၃၆၉ ကီလိုမီတာရှိသည်ဟု ဖော်ပြထားပါကြောင်း၊ ၎င်းအလျားနှစ်ခုကို အချိုးချကာ ဘင်္ဂလားဒေ့ရှ်ကမ်းရိုးတန်းအလျားအချိုးသည် ၁း၁ ဒသမ ၀၆ ရှိသည်ဟု ဖော်ပြထားပါကြောင်း။

ဘင်္ဂလားဒေ့ရှ်၏ တောင်းဆိုသော မျဉ်းဖြင့် ၎င်းသတ်မှတ်ထားသောRelevant Area အား ပိုင်းခြားရာတွင် ဘင်္ဂလားဒေ့ရှ်ရရှိသော ဧရိယာမှာ ၆၉၇၁၇ စတုရန်းကီလိုမီတာ၊ မြန်မာဘက်မှရရှိသော ဧရိယာမှာ ၈၆၉၃၁ စတုရန်းကီလိုမီတာရှိသဖြင့် ဘင်္ဂလားဒေ့ရှ်ဧရိယာအချိုး မြန်မာဧရိယာအချိုးမှာ ၁း၁ ဒသမ ၂၅ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကမ်းရိုးတန်းအလျားအချိုး ၁း၁ ဒသမ ၀၆ နှင့် ကွာခြားမှုလွန်စွာမရှိသောကြောင့် ၎င်းတို့တောင်းဆိုသောမျဉ်းမှာ Proportionality Test အရ မျှတသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံ၏ အဓိကကျသည့် တောင်းဆိုချက်များအပေါ် ITLOS ၏ စီရင်ဆုံးဖြတ်ချက်အရ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းနယ်နိမိတ်အား Equidistance/ Relevant Circumstances Method နည်းလမ်းဖြင့် ရေးဆွဲရန် တောင်းဆိုသည့်နည်းလမ်းကို လက်ခံသည်ကို သိရှိရပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်ပိုင် စိန့်မာတင်ကျွန်းအား ဝိုက်၍ Half Effect ဖြစ်သည့် ရေမိုင်(၆)မိုင်ကိုသာ သတ်မှတ်ပေးရန် မြန်မာ၏ တောင်းဆိုချက်အပေါ် ITLOS က ကျွန်းအား ဝိုက်ပေးခဲ့သော်လည်း ရေမိုင်ကိုမူ (၁၂)မိုင် ခွင့်ပြုခဲ့ပါကြောင်း၊ ရေမိုင်(၂၀၀)ထက်ကျော်လွန်သည့် ကမ်းလွန်ရေတိမ်ပိုင်းနှင့်ပတ်သက်၍ ITLOS တွင် စီရင်ပိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံက တင်ပြတောင်းဆိုသော ပိုင်နက်ပင်လယ်နယ်နိမိတ်မျဉ်းမှာ စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

မြန်မာနိုင်ငံ၏ ပင်လယ်ပိုင်နက်ကို ဖြတ်တောက်ရေးဆွဲ၍ ဘင်္ဂလားဒေ့ရှ်က တောင်းဆိုသော နယ်နိမိတ်မျဉ်းများ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက တောင်းဆိုသော ပိုင်နက်ပင်လယ်နယ်နိမိတ်မျဉ်း။

✻ စာမျက်နှာ ၄ မှ
မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နတ်မြစ်ဝရှိ ၁၉၆၆ ခုနှစ်က မြန်မာ-အရှေ့ပါကစ္စတန်(ဘင်္ဂလားဒေ့ရှ်) နတ်မြစ်ပုံသေမြစ်ကြောင်း နယ်နိမိတ်သတ်မှတ်ခဲ့သည့် အမှတ်(A)မှစတင်၍ ဘင်္ဂလားဒေ့ရှ်ပိုင် စိန့်မာတင်ကျွန်းနှင့် မြန်မာကမ်းရိုးတန်းအကြား အလယ်မှတ်များဖြစ်သော $B, B_1, B_2, B_3, B_4, B_5$ နှင့် စိန့်မာတင်ကျွန်းတောင်ဘက်စွန်းမှ (၆)မိုင်နှင့် မြန်မာ့ကမ်းရိုးတန်းအနီးဆုံးအမှတ်မှ (၆)မိုင်ကွာဝေးသော အမှတ်(C)အထိ ဆက်ဆွဲပြီး ၎င်းမှ စိန့်မာတင်ကျွန်းတောင်ဘက်စွန်းမှ (၆)မိုင်နှင့် မြန်မာ့ကမ်းရိုးတန်း အနီးဆုံးအမှတ်မှ (၁၂)မိုင်ကွာဝေးသော အမှတ်(D) အထိ ဆက်ဆွဲပါကြောင်း၊ ၎င်းအမှတ်(D)မှ စိန့်မာတင်ကျွန်းတောင်ဘက်စွန်းမှ (၁၂)မိုင်စက်ဝိုင်းပြတ်နှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်မကမ်းရိုးတန်းအား မူတည်ရေးဆွဲသော Equidistance မျဉ်းနှင့် ထိတွေ့သောနေရာဖြစ်သော အမှတ်(E)အထိ ဆွဲပါကြောင်း၊ ၎င်းအမှတ်မှ Equidistance မျဉ်းတစ်လျှောက် အမှတ်(F)မှ အမှတ်(G)၊ အမှတ်(G)မှ ညွှန်းရပ်ဒီဂရီ ၂၃၁ ဒီဂရီ ၃၇ မိနစ် ၅၀ ဒသမ ၉ စက္ကန့်ဖြင့် တတိယနိုင်ငံ၏ အခွင့်အရေးမထိခိုက်စေသော နေရာအထိ သတ်မှတ်တောင်းဆိုပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ကမ်းရိုးတန်းသတ်မှတ်ရာတွင် အပိုင်း(၄)ပိုင်းသတ်မှတ်ပြီး အတွင်းပိုင်း(၂)ပိုင်းမှာ မြစ်ဝှမ်း၏ ဘယ်/ညာ ကမ်းရိုးတန်းနှစ်ခုသည် တစ်ခုနှင့်တစ်ခုမျက်နှာချင်းဆိုင်ပြီး ပင်လယ်နယ်နိမိတ် ဧရိယာပိုင်းခြားမှုကို အကျိုးမသက်ရောက်စေသည့်အတွက် ထည့်သွင်းမတွက်ချက်ရာ စုစုပေါင်း ၃၆၄ ကီလိုမီတာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် ကမ်းရိုးတန်းအလျားသတ်မှတ်ရာတွင် နတ်မြစ်ဝမှ မော်တင်စွန်းအနီးရှိ Cape Negrais အထိ သတ်မှတ်ရာ ကီလိုမီတာ ၇၄၀ ရှိပါကြောင်း၊ ကမ်းရိုးတန်းအလျားအချိုးမှာ ဘင်္ဂလားဒေ့ရှ်အချိုး မြန်မာမှာ ၁း၂ ဒသမ ၀၃ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ တောင်းဆိုသောမျဉ်းအရ မြန်မာနိုင်ငံက သတ်မှတ်ထားသည့် Relevant Area တွင် ဘင်္ဂလားဒေ့ရှ်ရရှိသည့် ဧရိယာမှာ ၈၀၄၀၆ စတုရန်းကီလိုမီတာဖြစ်ပြီး မြန်မာနိုင်ငံမှ ရရှိသော ဧရိယာမှာ ၁၅၆၁၃၃ စတုရန်းကီလိုမီတာဖြစ်သောကြောင့် ဧရိယာအချိုးမှာ ၁း၁ ဒသမ ၉၄ ဖြစ်ပါကြောင်း၊ အလျားအချိုးနှင့် မကွာသည်ကို ဖော်ပြခဲ့ပါကြောင်း၊ ထို့ကြောင့် နယ်နိမိတ်မျဉ်းအား Adjust လုပ်ရန် မလိုဟု ဆုံးဖြတ်ခဲ့ပါကြောင်း။

အမှုအပေါ် ITLOS က ၁၄-၃-၂၀၁၂ ရက်တွင် အပြီးသတ်စီရင်ချက် ချမှတ်ခဲ့ပါကြောင်း၊ ယခုတင်ပြသောမျဉ်းမှာ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်တို့တောင်းဆိုသော ပိုင်နက်ပင်လယ်နယ်နိမိတ်မျဉ်းဖြစ်ပါကြောင်း၊ ပိုင်နက်ပင်လယ်ပြင် နယ်နိမိတ်မျဉ်းကို ၁၉၆၆ ခုနှစ်က မြန်မာနိုင်ငံနှင့် အရှေ့ပါကစ္စတန်(ယခု-ဘင်္ဂလားဒေ့ရှ်) နိုင်ငံတို့ နှစ်နိုင်ငံချုပ်ဆိုသော နတ်မြစ်ပုံသေနယ်နိမိတ်စာချုပ်ပါ နတ်မြစ်ဝရှိ ပုံသေအမှတ် (၁)မှ စတင်ရေးဆွဲပါကြောင်း၊ ထိုအမှတ် (၁)မှ ဆက်ဆွဲသောမျဉ်းမှာ ဘင်္ဂလားဒေ့ရှ်ပိုင် စိန့်မာတင်ကျွန်းနှင့် မြန်မာ့ကမ်းရိုးတန်းကြား အကွာအဝေးတူမျဉ်း တစ်နည်းအားဖြင့် Equidistance Method ဖြင့်ရေးဆွဲပါကြောင်း၊ အမှတ်(၂)မှ အမှတ်(၈)အထိ ဆက်ဆွဲမျဉ်းဖြစ်ပါကြောင်း၊ အမှတ်(၈)မှာ စိန့်မာတင်ကျွန်းမှ ရေမိုင် (၁၂)မိုင် စက်ဝန်းပြတ်နှင့် အနီးဆုံး မြန်မာကမ်းရိုးတန်းမှ ရေမိုင် (၁၂)မိုင် စက်ဝန်းပြတ်ထိသော နေရာအမှတ်ဖြစ်ပါကြောင်း၊ ၎င်းအမှတ်(၈)နေရာမှ စိန့်မာတင်ကျွန်း၏ ရေမိုင် (၁၂)မိုင် စက်ဝန်းပြတ်အတိုင်းသွား၍ ၎င်းစက်ဝန်းပြတ်ပေါ်တွင် နှစ်နိုင်ငံ၏ ကုန်းမြေမှ Equidistance Method ဖြင့် ရေးဆွဲရရှိသော နတ်မြစ်ဝမှ ၂၃၅ ဒီဂရီမျဉ်းနှင့် ထိနေသော အမှတ်(၉)အထိဖြစ်ပါကြောင်း။

ITLOS မှ စိန့်မာတင်ကျွန်းနှင့် မြန်မာ့ကမ်းရိုးတန်းအကြား ပိုင်နက်ပင်လယ်မျဉ်းအား မိမိတို့ချေပလွှာတွင် တောင်းဆိုထားသည့်မျဉ်းနှင့် ပုံသဏ္ဍာန်တူ ချမှတ်ခဲ့ပါကြောင်း၊ စိန့်မာတင်ကျွန်းအား (၁၂)မိုင် အပြည့်ဝိုက်၍ ရေးဆွဲပေးခြင်းဖြစ်ပါကြောင်း။

သီးသန့်စီးပွားရေးဇုန်/ကမ်းလွန်ရေတိမ်ပိုင်း နယ်နိမိတ်မျဉ်းတွင် အဆိုလွှာ၌ မြန်မာနိုင်ငံမှ ရေးဆွဲသော Provisional Equidistance Line မှာ ဘင်္ဂလားဒေ့ရှ်ဘက်မှ ထိန်းချုပ်အမှတ်(၂)ခုနှင့် မြန်မာဘက်မှ ထိန်းချုပ်အမှတ်(၃)မှ ရေးဆွဲပါကြောင်း၊ ITLOS မှ ရေးဆွဲသော Provisional Equidistance Line မှာ Equidistance Method အတိုင်း မြန်မာနိုင်ငံမှ တင်ပြထားသော ထိန်းချုပ်အမှတ် သို့မဟုတ် အခြေခံအမှတ်များနှင့် ITLOS မှ မြန်မာကမ်းရိုးတန်းအတွက် အသစ်ရွေးချယ်ထားသော အခြေခံအမှတ် တစ်ခုအပါအဝင် Provisional Equidistance Line ရေးဆွဲထားပါကြောင်း၊ ITLOS မှ ချမှတ်ပေးသော သီးသန့်စီးပွားရေးဇုန်/ကမ်းလွန်ရေတိမ်ပိုင်း နယ်နိမိတ်မျဉ်းမှာ (၁၂)မိုင် စက်ဝန်းပြတ်နှင့် Equidistance Lineထိသော အမှတ်(၉)၊ ၎င်းမှ အမှတ်(၁၀)ထိ ဆွဲပါကြောင်း၊ အမှတ်(၉)နှင့် အမှတ်(၁၀)တို့သည် မြန်မာ၏ချေပလွှာတွင် တောင်းဆိုသောမျဉ်း၏အမှတ် E နှင့် အမှတ် F ဖြစ်ပါကြောင်း။

၎င်းမျဉ်းအတိုင်း အမှတ်(၁၀)မှ ဆက်ဆွဲရာတွင် အမှတ်(၁၁) အား ခုံရုံးမှ ရွေးချယ်ခဲ့ပါကြောင်း၊ အမှတ်(၁၁)အား ခုံရုံးမှ ရွေးချယ်ရာတွင် ဘင်္ဂလားဒေ့ရှ်ကမ်းရိုးတန်း၏ ချိုင့်ဝင်နေမှု (Concavity)ကြောင့် Equidistance Method ဖြင့် ဆက်လက်ရေးဆွဲပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် Cut-Off effect စတင်ဖြစ်ပေါ်သည့်နေရာဖြစ်၍ အမှတ်(၁၁)တွင် ဖြတ်တောက်ခြင်း သက်ရောက်မှုကို ကုစားရန်အတွက် လည်းကောင်း၊ ပင်လယ်ဥပဒေနှင့်အညီ Equitable Solution သာတူညီမျှ အဖြေရရှိရန် အတွက်လည်းကောင်း၊ ကမ်းရိုးတန်းသုံးနိုင်ငံတွင် အလယ်နိုင်ငံ၏ ကမ်းရိုးတန်းချိုင့်ဝင်နေပါက ဘေးချင်းကပ်နိုင်ငံများနှင့် Equidistance Line ရေးဆွဲမှုအရ အလယ်နိုင်ငံအတွက် ပိတ်သွားမည့် အခြေအနေကြောင့် မျဉ်းကြောင်းဖွင့်ပေးသည့် စီရင်ထုံးများအရ လည်းကောင်း၊ အမှတ်(၁၁)မှ ၂၁၅ ဒီဂရီမျဉ်းဖြင့် ရေမိုင် (၂၀၀)အလွန်အထိ ပိုင်းခြားသတ်မှတ်ပေးသည်ကို တွေ့ရှိရပါကြောင်း။

ITLOS မှ နှစ်နိုင်ငံ သက်ဆိုင်သော ကမ်းရိုးတန်းအား သတ်မှတ်ရာတွင် ဘင်္ဂလားဒေ့ရှ်အတွက် ၄၁၃ ကီလိုမီတာ၊ မြန်မာနိုင်ငံအတွက် ၅၈၇ ကီလိုမီတာ သတ်မှတ်ပေးခဲ့ပါကြောင်း၊ ITLOS မှသတ်မှတ်သော ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာကမ်းရိုးတန်း အချိုးမှာ ၁း၁ ဒသမ ၄၂ ဖြစ်ပါကြောင်း၊ ITLOS မှ ဆုံးဖြတ်ပေးသော ဧရိယာတွင် သတ်မှတ်ပေးသောမျဉ်းအရ ဘင်္ဂလားဒေ့ရှ်ရရှိသော ရေပြင်ဧရိယာမှာ ၁၁၁၆၃၁ စတုရန်း ကီလိုမီတာနှင့် မြန်မာရရှိသော ရေပြင်ဧရိယာမှာ ၁၇၁၈၃၂ စတုရန်းကီလိုမီတာဖြစ်ကြောင်းနှင့် အချိုးမှာ ၁း၁ ဒသမ ၅၄ ဖြစ်ပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက တောင်းဆိုသော ဧရိယာမှာ ၆၉၇၁၇ စတုရန်းကီလိုမီတာဖြစ်ပါကြောင်း၊ ITLOS မှ ဆုံးဖြတ်ပေးသော ပင်လယ်ပြင်နယ်နိမိတ်မျဉ်းအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရရှိသော ဧရိယာမှာ ၁၁၁၆၃၁ စတုရန်းကီလိုမီတာဖြစ်သည့်အတွက် ပိုမိုရရှိသော ဧရိယာမှာ ၄၁၉၁၄ စတုရန်းကီလိုမီတာဖြစ်ပါကြောင်း၊ ထိုသို့ ပိုမိုရရှိခြင်းမှာ ITLOS က သတ်မှတ်သော ဧရိယာများပြားခြင်းကြောင့်ဖြစ်ပြီး ၎င်းဧရိယာများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ဧရိယာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ဘက်ဧရိယာတို့တွင်သာ ဖြစ်ပါကြောင်း။

Proportionality Test တွင် နှစ်နိုင်ငံသက်ဆိုင်ရာ ကမ်းရိုးတန်းများအား ITLOS မှ သတ်မှတ်ရာ၌ မြန်မာနိုင်ငံမှ တင်ပြတောင်းဆိုသည့် Cape Negrais အထိ သတ်မှတ်ပေးခဲ့ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကမ်းရိုးတန်းသတ်မှတ်မှုကို လက်မခံခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ITLOS မှ ဆုံးဖြတ်သော သက်ဆိုင်ရာ ကမ်းရိုးတန်းအလျားများ ဆုံးဖြတ်မှုမှာ သင့်လျော်မှန်ကန်မှုရှိပြီး ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာကမ်းရိုးတန်းအလျားအချိုးမှာ ၁း၁ ဒသမ ၄၂ ဖြစ်ရာ ရရှိဧရိယာအချိုးမှာ ၁း၁ ဒသမ ၅၄ ဖြစ်ပါကြောင်း။

ITLOS မှ သတ်မှတ်သော နယ်နိမိတ်မျဉ်းအရ မိမိတို့ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသော AD-7၊ AD-8 နှင့် AD-9 ရေနံလုပ်ကွက်များသည် မိမိဘက်တွင် ကျရောက်ပြီး လွတ်လွတ်ကင်းကင်းဖြစ်နေသည့်အပြင် ကမ်းနီးပိုင်းတွင် ရေနံထုတ်လုပ်ရန် အလားအလာကောင်းများရှိနိုင်သော ရေပြင်ဧရိယာများ ပိုမိုရရှိလာသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၀၈ ခုနှစ်က မိမိတို့ ရေနံလုပ်ကွက် AD-7 တွင် အစမ်းတွင်းတူးဖော်နေမှုအား ရပ်တန့်ရန်နှင့် ၎င်းတို့ဧရိယာဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်က ပြောဆိုဟန့်တားမှုများပြုလုပ်ခဲ့သော ရေပြင်ဧရိယာသည် ITLOS မှ ဆုံးဖြတ်ပေးခဲ့သည့် နယ်နိမိတ်မျဉ်းအရ မြန်မာဘက်က ပိုင်ဆိုင်သည်မှာ ထင်ရှားပေါ်လွင်ခဲ့ပါကြောင်း။

ITLOS ၏ အပြီးသတ်စီရင်ချက်တွင် ပိုင်နက်ပင်လယ်၊ ကမ်းလွန်ရေတိမ်ပိုင်းနှင့် သီးသန့်စီးပွားရေးဇုန် နယ်နိမိတ် (၃)ခု စလုံး သတ်မှတ်ရေးအတွက် ITLOS တွင် စီရင်ပိုင်ခွင့်ရှိကြောင်းကို တညီတညွတ်တည်း လက်ခံခဲ့ပါကြောင်း၊ ရေမိုင် (၂၀၀)ကျော်လွန်သည့် ကမ်းလွန်ရေတိမ်ပိုင်း နယ်နိမိတ်နှင့် ပတ်သက်၍ ITLOS တွင် စီရင်ပိုင်ခွင့်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်၏ တောင်းဆိုချက်အား တရားသူကြီး ထောက်ခံမဲ (၂၁)မဲ၊ ကန့်ကွက်မဲ(၁)မဲဖြင့် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ပိုင်နက်ပင်လယ်နယ်နိမိတ်အတွက် နှစ်နိုင်ငံကြား သဘောတူစာချုပ်မရှိကြောင်း၊ မြန်မာ၏ တောင်းဆိုချက်အား ထောက်ခံမဲ (၂၀)၊ ကန့်ကွက်မဲ (၂)မဲဖြင့် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ပိုင်နက်ပင်လယ်နယ်နိမိတ်အား အလယ်မျဉ်းမူအပေါ် အခြေခံရေးဆွဲလျက် စိန့်မာတင်ကျွန်းအား ဝိုက်(Envelope) ၍ ပိုင်းခြားပေးရန် မြန်မာ၏ တောင်းဆိုချက်အား ထောက်ခံမဲ (၂၁)မဲ၊ ကန့်ကွက်မဲ(၁)မဲဖြင့် ဆုံးဖြတ်ခဲ့ပါကြောင်း၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်း နယ်နိမိတ်အား Equidistance Relevant Circumstances ဖြင့် ပိုင်းခြားရန် မြန်မာ၏ တောင်းဆိုချက်အား ထောက်ခံမဲ (၂၁)မဲ၊ ကန့်ကွက်မဲ (၁)မဲဖြင့် ဆုံးဖြတ်ခဲ့ပါကြောင်း။

ယခု ITLOS က သတ်မှတ်ပေးသော နယ်နိမိတ်မျဉ်းအရ မြန်မာနိုင်ငံက လက်ရှိရှာဖွေတူးဖော်မှုပြုနေသော AD-7၊ AD-8၊ AD-9 အပါအဝင် ရေနံကွက်အားလုံးသည် မိမိနိုင်ငံ၏ ရေနယ်နိမိတ်အတွင်းပင် မူလအတိုင်း ကျရောက်နေပါကြောင်း၊ သို့ဖြစ်၍ မိမိရေနံလုပ်ကွက်အားလုံးကို မိမိရေပိုင်နက်အတွင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ခိုင်မာသည့် အတည်ပြုချက်ကို ရရှိခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ရှာဖွေတွေ့ရှိထားသော A-1/ A-3 သဘာဝဓာတ်ငွေ့သိုက်များနှင့် ပတ်သက်၍ ၁၉၉၇ ခုနှစ်တွင် A-1အား A1-1နှင့် A1-2 အဖြစ်ပြန်လည်၍ လုပ်ကွက်များ သတ်မှတ်ထားခဲ့ပြီး ယင်းလုပ်ကွက်များမှာ ထိုစဉ်ကပင် မြန်မာဘက်တွင် လွတ်လွတ်ကင်းကင်းကျရောက်ပါကြောင်း၊ ITLOS က ရေမိုင် (၂၀၀) ထက် ကျော်လွန်သည့် ကမ်းလွန်ရေတိမ်ပိုင်း နယ်နိမိတ်အတွက် စီရင်ပိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်ချက်သည် ကုလသမဂ္ဂကမ်းလွန်ရေတိမ်ပိုင်းကော်မရှင်၏ လုပ်ငန်းအား ဝင်ရောက်စွက်ဖက်ခြင်း ထိခိုက်ခြင်းမဟုတ်သည်ကို သိရှိရပါကြောင်း။

တစ်ဆက်တည်းပင် မြန်မာနိုင်ငံသည် ယင်း၏ကမ်းလွန်ရေတိမ်ပိုင်းအား ရေမိုင်(၂၀၀) ထက်ကျော်လွန်၍ ရေမိုင် (၃၅၀)အထိ တိုးချဲ့သတ်မှတ်ခွင့်ရရှိစေရန် ကော်မရှင်သို့ ၁၆-၁၂-၂၀၀၈ ရက်တွင် တင်သွင်းခဲ့ကြောင်း၊ ဤသို့တင်သွင်းရာတွင် ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်းက သတ်မှတ်ထားသည့် ပြဋ္ဌာန်းချက်များအတိုင်း သိပ္ပံနည်းပညာ သက်သေခံ အထောက်အထားများဖြင့် ပြဆိုခဲ့ကြောင်း၊ မြန်မာ၏ တင်သွင်းချက်သည် ကော်မရှင်၏ တန်းစီဇယားတွင် အစောဆုံးနေရာတွင် ရှိနေသည်ကို သိရှိရပါကြောင်း၊ မြန်မာ၏ တင်သွင်းချက်အပေါ် ဘင်္ဂလားဒေ့ရှ်က ကန့်ကွက်ခြင်း၊ နှစ်နိုင်ငံအမှုဖြစ်ပွားနေခြင်းကြောင့် ကော်မရှင်က စဉ်းစားရန်ရွှေ့ဆိုင်းခဲ့ပါကြောင်း။

ဘင်္ဂလားဒေ့ရှ်က ယခု ITLOS တွင် မြန်မာနိုင်ငံသည် ရေမိုင် (၂၀၀)ထက်ကျော်လွန်တိုးချဲ့ခွင့်မရှိကြောင်း၊ ရခိုင်ပင်မကမ်းရိုးတန်းမှ ရေမိုင်(၅၀)အထိသာ ရပိုင်ခွင့်ရှိကြောင်း တောင်းဆိုမှုအား ITLOS က လက်မခံခဲ့ပါကြောင်း၊ သို့သော် ယခု ITLOS ၏ စီရင်ချက်သည် ကုလသမဂ္ဂသို့ အချိန်မီတင်သွင်းထားသည့် နိုင်ငံတစ်နိုင်ငံအတွက် နစ်နာမှုမရှိစေရန်နှင့် ဆုံးဖြတ်မည့် အဖွဲ့အစည်းမရှိဘဲ လိပ်ခဲတည်းလည်း (Deadlock) ဖြစ်နေသည့် အခြေအနေအား ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း၊ စာမျက်နှာ ၆ ကော်လံ ၁ သို့ ✪



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ Memorial တွင် သတ်မှတ်ထားသော ဘင်္ဂလားဒေ့ရှ်-မြန်မာ ကမ်းရိုးတန်းအလျားနှင့် ဧရိယာရရှိမှုအချိုး။

ITLOS မှ ဆုံးဖြတ်သော ပင်လယ်ပြင်နယ်နိမိတ်မျဉ်းများအရ ရရှိသော နှစ်နိုင်ငံ ရေဧရိယာ။

တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လိုသော ကျေးရွာများအား ရွေးချယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငွေစုငွေချေး သမဝါယမများ၊ အစုအဖွဲ့များ ဖွဲ့စည်း

နေပြည်တော် မတ် ၂၂

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့နံနက် ၆ နာရီခွဲတွင် သုံးခွမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်များရှိ ကျေးရွာများသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ကွင်းဆင်းဆောင်ရွက်မည့် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ကွင်းဆင်းဖွဲ့စည်းရေးအဖွဲ့များအား တွေ့ဆုံ၍ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်များရှိ ကျေးရွာအချို့သည် အစွန်အဖျား ကမ်းခြေဒေသ ကျေးရွာများဖြစ်သဖြင့် ယခုကဲ့သို့ ကွင်းဆင်းဖွဲ့စည်းရေးအဖွဲ့များ ဖွဲ့စည်းကာ ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် သားငါးကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို ပေါင်းစပ်ညှိနှိုင်းမှုပြုကာ ကဏ္ဍတစ်ခုနှင့်တစ်ခု အတူတကွ အကျိုးဖြစ်ထွန်းလာစေရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မိမိဇာတိဒေသ၌ ဆောင်ရွက်သကဲ့သို့ စိတ်ရင်းစေတနာကောင်းဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျေးရွာတစ်ရွာချင်းအလိုက် မိမိတို့၏ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်တိုင်တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လိုသော ကျေးရွာများအား ရွေးချယ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငွေစုငွေချေး သမဝါယမအသင်းများ၊ အစုအဖွဲ့များ ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။**(အောက်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဒေသခံပြည်သူများနှင့် လည်းကောင်း၊ တံတားမြို့နယ်ခွဲ စင်မကော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ သောင်းညွှန့်လှယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ ငွေစုငွေချေးအသင်းမှ အသင်းသားများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် လည်းကောင်း တွေ့ဆုံ၍ သမဝါယမလုပ်ငန်းများ၊ မွေးမြူရေးနှင့် သားငါးကဏ္ဍဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးကာ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းသည်။

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်သည့် ကွင်းဆင်းအဖွဲ့ ၁၂ ဖွဲ့သည် ကျောက်တန်း၊ ခရမ်း၊ သုံးခွ မြို့နယ်များရှိ ဘုရားကြီး၊ ပျဉ်းမကန်၊ ကျားဝန်း၊ ကတုံးမှော်၊ တံတား၊ စင်မကော်၊ ထုံးကြီး၊ မှော်ကုန်းသာ၊ အောင်သာဒန်း၊ စစ်ကိုင်းစု၊ ဆည်ရွာ၊ ပုတ်တလုပ်၊ ရှမ်းစု၊ ကဒ္ဒပန၊ တာပတ်ကျေးရွာ ၁၅ ရွာသို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငွေစုငွေချေးအသင်းများ၊ အစုအဖွဲ့များ ဖွဲ့စည်းနိုင်ရေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

မြန်မာနိုင်ငံ၏ ရေမိုင် (၂၀၀)ကျော် ကမ်းလွန်ရေတိမ်ပိုင်းအတွက် အလားအလာကောင်းသည်ကို သိရှိရပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်သည်လည်း ရေမိုင် (၂၀၀)ကျော်လွန်သည့် ကမ်းလွန်ရေတိမ်ပိုင်း တိုးချဲ့သတ်မှတ်နိုင်ရန် ကုလသမဂ္ဂ ကမ်းလွန်ရေတိမ်ပိုင်း ကော်မရှင်သို့ ၂၅-၂-၂၀၁၁ ရက်တွင် တင်သွင်းခဲ့ကြောင်း၊ ကော်မရှင်၏လုပ်ငန်းတာဝန် များပြောင်မှုအရ လည်းကောင်း၊ တန်းစီဇယားအရလည်းကောင်း ယင်း၏ တင်သွင်းချက်အား အစောဆုံး ၂၀၃၆ ခုနှစ်တွင်မှ ကော်မရှင်က စဉ်းစားနိုင်မည် ဖြစ်ကြောင်းကိုလည်း သိရှိရပါကြောင်း။

ဤသို့ ကမ်းလွန်ရေတိမ်ပိုင်းအား ရေမိုင်(၃၅၀)အထိ တိုးချဲ့ခွင့်ရရှိစေရန် ကမ္ဘာ့နိုင်ငံအများစုတို့သည် ကုလသမဂ္ဂသို့ အပြိုင်အဆိုင် တင်ပြနေကြကြောင်း၊ ရေမိုင်(၃၅၀)အထိ ပင်လယ်ရေနက်ပိုင်းတွင် အလွန်ရှားပါးသည့် ကမ္ဘာ့အဖိုးတန် သယံဇာတများ လုံးဝရှာဖွေတူးဖော်ခြင်း မပြုရသေး၍ဖြစ်ကြောင်း၊ ရေမိုင်(၂၀၀)ကျော် ဧရိယာတွင် ရှာဖွေတူးဖော်ရန်အတွက် စိတ်ဝင်စားသည့် စီးပွားရေးအုပ်စုများနှင့် တိုးချဲ့သတ်မှတ်နိုင်သည့် နိုင်ငံများအကြား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အနာဂတ် အလားအလာ အလွန်ကောင်းသောကြောင့် ကမ္ဘာ့နိုင်ငံများက အထူးအာရုံစိုက်လုပ်ဆောင်နေကြကြောင်းကိုလည်း သိရှိရပါကြောင်း၊ ITLOS ၏ ဆုံးဖြတ်ချက်သည် နှစ်နိုင်ငံစလုံးအတွက် တရားမျှတမှု၊ သာတူညီမျှမှုရှိပြီး တရားသူကြီးများသည် သမာသမတ်ဖြင့် ဥပဒေ၊ နည်းပညာရှုထောင့်များက ကျယ်ပြန့်စွာ သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံက အခြေခံရယူထားသည့် ဥပဒေအချက်အလက်များသည် အပြည့်အဝမှန်ကန်မှုရှိသည့်အတွက် ITLOS ကလက်ခံခဲ့သည်ကို သိရှိရပါကြောင်း။

ITLOS သည် မြန်မာနိုင်ငံတောင်းဆိုသည့် နယ်နိမိတ်မျဉ်းအား မပေးသကဲ့သို့ ဘင်္ဂလားဒေ့ရှ်တောင်းဆိုသည့် မျဉ်းကိုလည်း မပေးကြောင်း၊ ပင်လယ်ဥပဒေကွန်ဗင်းရှင်း၏ အနှစ်သာရအရ ဘင်္ဂလားဒေ့ရှ်အား ပင်လယ်ဘက်သို့ ထွက်ပေါက်ပေးရန်လိုအပ်ခြင်း၊ သဘာဝအနေအထားအရ ယင်း၏ ကမ်းရိုးတန်း အလွန်အမင်း ချိုင့်ဝင်နေမှု (Concavity)အား မျှတစွာစဉ်းစားပေးရန် လိုခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်အတွက် မျှတသောရလဒ်ဖြစ်စေရန် မြန်မာဘက်က အဆိုပြုသည့် နည်းလမ်းအပေါ် အခြေခံ၍ ပင်လယ်ဥပဒေပြဋ္ဌာန်းချက်များ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေမူများနှင့်အညီ မျှတစွာ သတ်မှတ်ပေးခြင်းဖြစ်သည်ကို သိရှိရပါကြောင်း၊ ဤသို့ ITLOS က တရားမျှတစွာ ဆုံးဖြတ်ဆောင်ရွက်ခဲ့သည့်အတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ပင်လယ်နယ်နိမိတ်အငြင်းပွားမှုအား ငြိမ်းချမ်းစွာ ဖြေရှင်းပြီးစီးခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်း ဆက်ဆံရေးကို ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ၌ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းဖြင့် တင်ပြထားသော ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အကျုံးမဝင်သော ဆွေးနွေးချက်များအပေါ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ပြင်ဆင်ချက်ဖြင့် အကျုံးဝင်သော ဥပဒေကြမ်း၏ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက် ရယူဆောင်ရွက်သည်။

ထိုသို့ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြည်ထောင်စု၏ ဘတ်ဂျက်အသုံးစရိတ်များ လျှော့ချခြင်းအပြင် အပိုထောက်ပံ့ကြေးနှင့် လုပ်ခတိုးမြှင့်ပေးခြင်း၊ ဒေသစရိတ်ခွင့်ပြုပေးခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ထောက်ပံ့ငွေနှင့် ချေးငွေများ တိုးမြှင့်ပေးရခြင်း စသည့် အသုံးစရိတ်ပြောင်းလဲမှုများကြောင့် ပြည်ထောင်စု၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းအား ပြင်ဆင်ရေးဆွဲခဲ့ရပါကြောင်း၊ ထိုသို့ ပြင်ဆင်ရေးဆွဲရာတွင် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးဖြစ်သော ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရေးဆွဲခဲ့ပါကြောင်း၊ မူလက လိုငွေ (၂၅၁၇၈၈၈) သန်းရှိနေရာမှ ယခုပြင်ဆင်ရေးဆွဲခြင်းကြောင့် လိုငွေ (၁၉၅၃၇၁၂) သန်းအထိ လျော့ကျခဲ့ပြီး လိုငွေနှင့် GDP အချိုးမှာလည်း ယခင်က (၄ ဒသမ ၉)ရာခိုင်နှုန်းမှ ယခုအခါ (၃ ဒသမ ၈)ရာခိုင်နှုန်းအထိ လျော့ကျခဲ့ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ၂၀၀၇ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ စရိတ်မျှပေး ဝင်ငွေမှ ရရှိသည့် ငွေများတွင် အရင်းငွေကိုနုတ်ပယ်လျက် ကျန်ငွေ၏ (၅၀) ရာခိုင်နှုန်းကို နိုင်ငံတော်၏ သာမန်ရငွေအဖြစ် ပေးသွင်းခဲ့ပါကြောင်း၊ ဆေးဝါးများရောင်းချရငွေအား လှည့်ပတ်ရန်ပုံငွေအဖြစ် ဆောင်ရွက်ရာတွင် ချို့တဲ့သူများ၊ ဆင်းရဲနွမ်းပါးသူများ၊ မတတ်နိုင်သူများ၊ အကျဉ်းသားများ၊ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဥပဒေအရ ခံစားခွင့်ပြုထားသော ပုဂ္ဂိုလ်များအား အခမဲ့ထောက်ပံ့ခဲ့ပါကြောင်း၊ ရောဂါတိုက်ဖျက်ရေးဆေးဝါးများကိုမူ လူနာအားလုံးအတွက် အခမဲ့ခွင့်ပြုခဲ့ပါကြောင်း၊ ဆေးဖိုးငွေကို တတ်နိုင်သူများအား ငွေကြေးကျခံစေသောစနစ်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ အလားတူ ဓာတ်မှန်ရိုက်ခြင်း၊ ဓာတ်ခွဲခြင်းများကိုလည်း ဖော်ပြပါပုဂ္ဂိုလ်များအတွက် အခမဲ့ဝန်ဆောင်မှုပေးပြီး ကျန်ရရှိငွေများမှသာ (၂၅)ရာခိုင်နှုန်းကို နိုင်ငံတော်သို့ ပေးသွင်းခြင်းဖြစ်ပါကြောင်း၊ စရိတ်မျှပေးကျန်းမာရေးဆိုသည်မှာ ဆေးရုံများအတွက် လိုအပ်သည်များကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရရှိခြင်း၊ တတ်နိုင်သူများကိုသာ ငွေကြေးကျခံပြီး ချို့တဲ့သူများ၊ ဆင်းရဲနွမ်းပါးသူများ၊ မတတ်နိုင်သူဝန်ထမ်းများ၊ အကျဉ်းသားများ၊ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ (ဘုန်းတော်ကြီး၊ သီလရှင်များ)နှင့် ဥပဒေအရ ခံစားခွင့်ပြုထားသော ပုဂ္ဂိုလ်များကို အခမဲ့ပေးခြင်းဖြင့် ဆေးရုံများတွင် ပြည်သူများအတွက် အဆင်ပြေစေရန် ဝန်ဆောင်မှုပေးနေခြင်းဖြစ်ပြီး နိုင်ငံတော်က လက်ရှိဆောင်ရွက်လျက်ရှိသော မူဝါဒများနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ် ရငွေသုံးငွေများနှင့် စပ်လျဉ်းသည့် တင်ပြချက်များတွင် ဖော်ပြထားသော စီမံကိန်းများသည် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရန် အဓိက ရည်ရွယ်ပြီး ဆောင်ရွက်မည့် စီမံကိန်းများဖြစ်ခြင်း၊ စီမံကိန်းများအနေဖြင့် ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေခွင့်ပြုခဲ့ရမှုအပေါ် မူတည်၍ အတော်အတန် ခရီးရောက်အောင် ဆောင်ရွက်ပြီးဖြစ်ခြင်း၊ စီမံကိန်းပစ္စည်းများပေး ဝယ်ယူရေးဆောင်ရွက်နေပြီဖြစ်ခြင်း တို့ကြောင့် အဆိုပါစီမံကိန်းများအား ဆောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုပေးနိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြခဲ့ရာ ခွင့်ပြုခဲ့ပြီးဖြစ်ပါသောကြောင့် ယင်းစီမံကိန်းများအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ဥပဒေကြမ်း၏အမည်၊ အပိုင်းခေါင်းစဉ်၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ်၃ (က၊ ခ၊ ဂ)၊ အပိုဒ် ၄(ခ)၊ အပိုဒ် ၆ (က)နှင့် အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၆(ခ)၊ အပိုဒ်၈၊ အပိုဒ်၁၀၊ အပိုဒ် ၁၂(က)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅ (က၊ ဃ၊ ဆ)၊ အပိုဒ် ၁၆ (က၊ ဂ)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂၊ ဥပဒေကြမ်း၏ ဇယား ၁ မှ ၁၀ အထိတို့ကို မူလဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်လည်းကောင်း၊ အပိုဒ် ၃(ဃ)၊ အပိုဒ် ၄(ဂ)၊ အပိုဒ် ၅၊ အပိုဒ် ၆(က)(၂)(၃)၊ အပိုဒ် ၇၊ အပိုဒ် ၉၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၅(ခ၊ ဂ၊င၊ စ)၊ အပိုဒ် ၁၆(ခ)၊ အပိုဒ် ၁၉(က၊ ခ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၃(က)၊ အပိုဒ် ၂၄တို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းလည်းကောင်း၊ အပိုဒ် ၄(က)၊ အပိုဒ် ၆(ဂ)၊ အပိုဒ် ၂၃(ခ)တို့နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ပြင်ဆင်ချက်အတိုင်း လည်းကောင်း အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ ဦးစိုးသာက မိမိတို့ကော်မတီအနေဖြင့် မူလစီမံကိန်းဥပဒေကြမ်းတွင် စုပေါင်း၍ တစ်လုံးတစ်ခဲတည်း ရန်ပုံငွေဖော်ပြခြင်းကိစ္စရပ်များ၌ သက်ဆိုင်ရာဌာနအနေဖြင့်သာ စိစစ်ဆောင်ရွက်နိုင်ရန် ရာခိုင်နှုန်းသာ စိစစ်လျှော့ချရွှေ့ဆိုင်းမှုပြုလုပ်ခဲ့ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် မူလလျှော့ချ၊ ဆိုင်းငံ့၊ ရွှေ့ဆိုင်းရန်အတွက် (၅၂ ဒသမ ၉၃)ရာခိုင်နှုန်းလျှော့ချရန် အဆိုပြုခဲ့ခြင်းအပေါ် သက်ဆိုင်ရာဌာနက (၃၀ ဒသမ ၁၉) ရာခိုင်နှုန်းသာ လျှော့ချခဲ့ပါကြောင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မူလတင်ပြတောင်းခံ အသုံးစရိတ်တွင် ငွေကျပ်(၃၄၂၆၆၃ ဒသမ ၄၇၉)သန်းအပေါ်၌ စီမံကိန်းအချို့အား ဖော်ပြလျက် (၃၇ ဒသမ ၈၉) ရာခိုင်နှုန်းလျှော့ချရန် လျာထားခဲ့သော်လည်း စုစုပေါင်း တောင်းခံငွေအပေါ်တွင် (၉ ဒသမ ၉၃) ရာခိုင်နှုန်းကိုသာ လျှော့ချရန် အဆိုတင်သွင်းခဲ့ပါကြောင်း၊ (၉ ဒသမ ၉၃) ရာခိုင်နှုန်းလျှော့ချလိုသည့် စီမံကိန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနက ရွေးချယ်ဆောင်ရွက်နိုင်ပါသဖြင့် အောင်သပြေ-နောင်ယာဆိုင် (၃၃) ကေဗွီလိုင်း စီမံကိန်းနှင့် သထုံ-မော်လမြိုင်(၂၃၀)ကေဗွီလိုင်း စီမံကိန်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းများ၌ ပြန်လည်စဉ်းစားပြီး ဦးစားပေးထည့်သွင်းဆောင်ရွက်ပါက ဖြစ်နိုင်ခြေရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးအား အတည်ပြုရန်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဥပဒေကြမ်းဆွေးနွေးခြင်းကဏ္ဍ၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ အပိုဒ်၂၇ (ခ)နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်၊ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ၊ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ ဦးဟာရှိန်းဘွေ၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်နှင့် ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုးတို့က ဆွေးနွေးကြသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မတ် ၂၃ ရက်တွင် လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေး(၂၆)ရက်မြောက်နေ့ကို မတ် ၂၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်က ယင်းရေပိုင်နက်အတွင်း ကျရောက်ကြောင်း တောင်းဆိုခဲ့သော်လည်း ITLOS ဆုံးဖြတ်ချက်အရ မြန်မာရေပိုင်နက်အတွင်း မူလကပင် တည်ရှိခဲ့သော AD-7 ရေနံလုပ်ကွက်။

မွန်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား
ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော ကျန်းမာရေးအခြေခံအဆောက်အအုံများ

သတင်းမှတ်စု - မောင်ငြိမ်းအေး

ပြည်နယ်အတွင်းရှိ ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် မွန်ပြည်နယ် မော်လမြိုင်မြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော ကလေးကုသဆောင် (အပေါ်ပုံ)ကို တွေ့ရစဉ်။

ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် လွိုင်ကော်မြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံ(ယာပုံ)ကို တွေ့ရစဉ်။

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မြန်မာ့တိုင်းရင်းဆေးဝါးများဖြင့် ဒေသခံပြည်သူများအား ကုသမှုပေးလျက်ရှိသော မော်လမြိုင်တိုင်းရင်းဆေးရုံ(အောက်ပုံ)ကို တွေ့ရစဉ်။

ကျေးလက်ပါမကျန် ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံပေးနိုင်ရန် မွန်ပြည်နယ် ရေးမြို့နယ်တွင် ဖွင့်လှစ်ပေးထားသော ဒူးယားတိုက်နယ်ဆေးရုံ(အောက်ယာပုံ)ကို တွေ့ရစဉ်။

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

ထာဝရငြိမ်းချမ်းရေးမှသည် ခေတ်မီမျိုးချစ်တပ်မတော် တ

ကမ္ဘာပေါ်ရှိ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံမှန်သမျှသည် နိုင်ငံလုံခြုံရေးနှင့် ကာကွယ်ရေးအတွက် လက်နက်ကိုင်တပ်ဖွဲ့ကို ထူထောင်ထားကြရသည်။ နိုင်ငံတည်တံ့ခိုင်မြဲရေး၊ အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတည်းဟူသော အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ လက်နက်ကိုင်အင်အားတစ်ရပ်ကို အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတိုင်းက မလွဲမသွေ ထူထောင်ထားရှိရန် လိုအပ်ပေသည်။

တပ်မတော်ဟူသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအတွက် အသက်တမျှ အရေးပါလှသော အမျိုးသားရေးအကျိုးစီးပွားဆိုင်ရာကိစ္စများကို ဦးလည်မသုန် ထမ်းဆောင်ရသော အဖွဲ့အစည်းပင်ဖြစ်သည်။ ပါတီနိုင်ငံရေးနှင့် မစပ်ယှက်၊ မပတ်သက်၊ မဆက်နွှယ်ဘဲ အမျိုးသားနိုင်ငံရေးကို ဦးထိပ်ရွက်လျက် ဦးဆွေးဆံမြည့် ထမ်းဆောင်ရသောအဖွဲ့အစည်းကြီး ဖြစ်သည်။

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေးတည်းဟူသော နိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်ချက်မှန်သမျှကို အခိုင်အမာ ကာကွယ်စောင့်ရှောက်ဖြည့်ဆည်းသွားရန်မှာ တပ်မတော်၏ အဓိကတာဝန်ပင်ဖြစ်သည်။ ထို့အတူပင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် နယ်ဘက်အာဏာပိုင်များကို လိုအပ်သလို ကူညီပေးရသည့် တာဝန်ကိုလည်း ထမ်းဆောင်ရသည်။

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ်ကြငှန်းဖြင့် ကမ္ဘာ့အလယ် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဘီစီ (၃) ရာစုခန့်မှစ၍ ဗိဿနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာစသည်ဖြင့် ပဒေသရာဇ်နိုင်ငံများထူထောင်၍ ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်နေထိုင်ခဲ့သည့် လွတ်လပ်သောနိုင်ငံဖြစ်သည်။

ပုဂံပြည့်ရှင်အနော်ရထာမင်းက ပြန့်ကျဲနေသော ဒေသများကို စုစည်းကာ ပထမမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည်။ တောင်ငူကို အခြေပြု၍ ဘုရင့်နောင်မင်းတရားက အစည်းပြေနေသောဒေသများကို ပြန်လည်စုစည်းကာ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ရွှေဘိုကို အခြေပြု၍ အလောင်းမင်းတရား ဦးအောင်ဇေယျက တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်။ ထိုခေတ် ထိုကာလများသည် မြန်မာတို့၏ သမိုင်းဝင်ရွှေခေတ်များပင်ဖြစ်သည်။ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုအားကောင်းခဲ့သည်။ အင်အားတောင့်တင်းခိုင်မာသော လက်နက်ကိုင်အင်အား သို့မဟုတ် မြန်မာ့တပ်မတော်ရှိခဲ့သည်။

(၁၉)ရာစုတွင် နယ်ချဲ့ဗြိတိသျှတို့က အိန္ဒိယနိုင်ငံကို ၎င်းတို့၏ အင်ပါယာအတွင်း သွတ်သွင်းခဲ့ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံအား ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်၊ ၁၈၈၅ ခုနှစ်တို့တွင် ကျူးကျော်စစ်ပွဲ သုံးကြိမ်ဆင်နွှဲကာ ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့သည်။ နယ်ချဲ့တို့၏ကျူးကျော်မှုကြောင့် ထီးကျိုးစည်ပေါက်ဖြစ်ကာ နိုင်ငံတော်၏အချုပ်အခြာအာဏာ လက်လွှတ်ခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။

ဗြိတိသျှတို့နှင့် စစ်ပွဲသုံးကြိမ်ဆင်နွှဲပြီး မြန်မာတို့ရှုံးနိမ့်ခဲ့ရသည့် အကြောင်းရင်းကို ဆန်းစစ်ပါက တိုက်ပွဲတွင် ကိုင်ဆောင်အသုံးပြုသည့် သေနတ်လက်နက်ကွာဟခြင်း၊ ခေတ်မီသေနတ်လက်နက်များနှင့် ကိုက်ညီမည့် စစ်မဟာဗျူဟာနှင့် စစ်နည်းဗျူဟာအားနည်းခြင်း၊ သိပ္ပံပညာနှင့် စက်မှုအတတ်ပညာထွန်းကားမှု ကွာဟခြင်းတို့သည် အဓိကအကြောင်းရင်းများဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုခေတ်က မြန်မာ့တပ်မတော်တွင် အသုံးပြုသော သေနတ်များမှာ ယမ်းစိမ်ထားသည့် မီးစာကြိုးမှတစ်ဆင့် မီးကူးပစ်ခတ်ရသော မက်ချလော့(MATCH LOCK) အဆင့်ရှိ သေနတ်များသာဖြစ်သည်။

ဗြိတိသျှတပ်များက ထိုမက်ချလော့သေနတ်ကိုမသုံးတော့ဘဲ ၁၆၉၀ ပြည့်နှစ် ဧပြီလ ၁၄ ရက်နေ့ကပင် ပယ်ဖျက်ခဲ့ကြောင်းတွေ့ရှိရသည်။ အင်္ဂလိပ်တို့က (FLINT LOCK) ခေါ် တစ်ချက်ချင်းလျင်မြန်စွာပစ်ခတ်နိုင်သော သေနတ်များကို အသုံးပြုနေပြီဖြစ်သည်။ ထို့ပြင် ၁၈၂၄-၁၈၂၆ ခုနှစ်များတွင် Common Shell and Shrapnel Shell ခေါ် ကျည်ဆန်ကို နှစ်ဆင့်ပေါက်ကွဲအောင် ပစ်နိုင်သော အမြောက်များကိုလည်းကောင်း၊ စွမ်းအားမြင့် ခံတပ်ဖြိုအမြောက်များကိုလည်းကောင်း၊ ROCKET ခေါ် ဒုံးကျည်များကိုလည်းကောင်း အသုံးပြုနိုင်နေပြီဖြစ်သည်။ အဓိကအားဖြင့် လက်နက်ချင်းကွာခြားမှုကြောင့် တစ်နည်းဆိုရသော် ထိုခေတ်က မြန်မာ့တပ်မတော်၏ ခေတ်မမီမှုကြောင့် စစ်ရှုံးခဲ့ရခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပေသည်။

ဗြိတိသျှနယ်ချဲ့လက်အောက်တွင် သူ့ကျွန်အဖြစ်မနေလိုကြသော မြန်မာတိုင်းရင်းသားသူရဲကောင်းများက မပြတ်တရစပ်တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ မြန်မာတို့၏ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို ဂုဏ်ရောင်ပြောင်စွာ ပြသနိုင်ခဲ့ကြသည်။

၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ်မီး စတင်လောင်မြိုက်ချိန်တွင် နယ်ချဲ့ကို လက်နက်စွဲကိုင်တော်လှန်ရန် မြန်မာလူငယ်တို့က စတင်ကြိုးပမ်းကြသည်။ သခင်အောင်ဆန်း၊ သခင်ရှုမောင်စသော မြန်မာလူငယ်တို့သည် ဂျပန်နှင့် အဆက်အသွယ်ရကာ ဂျပန်ပြည်သို့ လျှို့ဝှက်ထွက်ခွာခဲ့ကြသည်။ မြန်မာပြည်မှ စွန့်စားထွက်ခွာခဲ့ကြသော မြန်မာလူငယ်ရဲဘော်သုံးကျိပ်သည် ၁၉၄၁ ခုနှစ်အတွင်း ဂျပန်တို့က အပြင်းအထန်လေ့ကျင့်သင်ကြားပေးသော စစ်သင်တန်းကို တက်ရောက်သင်ယူခွင့်ရခဲ့ကြသည်။

ရဲဘော်သုံးကျိပ်တို့က ဦးဆောင်၍ ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဗန်ကောက်မြို့၌ စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ တပ်မတော်၏ မူလရည်ရွယ်ချက်အတိုင်း ဗြိတိသျှနယ်ချဲ့တို့အား တိုက်ထုတ်တော်လှန်ခဲ့ကြသည်။ ပြည်သူအပေါင်းကလည်း တပ်မတော်နှင့်ပူးပေါင်း၍ နယ်ချဲ့တို့အား ဆန့်ကျင်တော်လှန်ခဲ့ကြသည်။ နယ်ချဲ့တို့ ဆုတ်ခွာပြေးသွားပြီးနောက် ဂျပန်တို့က အနှောင်အဖွဲ့ကင်းမဲ့သည့် လွတ်လပ်ရေးကြေညာပေးမည်ဟူသော ကတိအားဖျက်ခဲ့ကြသည်။

၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖက်ဆစ်တို့အလိုကျ ဖျက်သိမ်းခဲ့ရပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ရသည်။ အသစ်ဖွဲ့စည်းသော ဗမာ့ကာကွယ်ရေးတပ်မတော်၏ အင်အားမှာ ၃၀၀၀ ခန့်သာရှိတော့သည်။ ထုထည်အင်အားကြီးမားလာသည့် မြန်မာ့လက်နက်ကိုင်အင်အားကို ဖက်ဆစ်တို့က လျှော့ချလိုက်ခြင်းပင်ဖြစ်သည်။ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့က လွတ်လပ်ရေးပေးကြောင်း ကြေညာပြီးနောက် ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဗဟိုစစ်အဖွဲ့ချုပ်ကြီး(ကာကွယ်ရေးကောင်စီ)က အစည်းအဝေး

ပန်းတောင်းသန်းကြွယ်

တစ်ရပ်ကို ကျင်းပခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော်(BDA)ကို ဗမာ့တပ်မတော်(BNA)အဖြစ် ပြောင်းလဲအမည်ပေးရန် ဆုံးဖြတ်ခဲ့ကြသည်။

ဖက်ဆစ်တို့ကြေညာပေးသည့် လွတ်လပ်ရေးမှာ အတုအယောင်သာဖြစ်ပြီး ပြည်သူတို့အပေါ် ယုတ်မာရိုင်းပျစွာ ဖိနှိပ်မှုများ၊ ရက်စက်မှုများကို ကျူးလွန်လာကြသည်။ ထို့ကြောင့် ဗမာ့တပ်မတော်သည် ပြည်သူတို့ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ ဖက်ဆစ်စနစ်ဆိုးအား တိုက်ဖျက်ရန်ပြင်ဆင်ခဲ့ရသည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ရက်နေ့တွင် ကမ္ဘာသိဖက်ဆစ်တော်လှန်ရေးကြီးကို ဗမာ့တပ်မတော်က ဦးဆောင်လျက် တစ်နိုင်ငံလုံး အုံကြွဆင်နွှဲခဲ့ကြသည်။ ဖက်ဆစ်တော်လှန်ရေးကာလတွင် ပြည်သူတို့၏ ထောက်ခံလက်တွဲပူးပေါင်းမှုကို ရရှိခဲ့သည့် တပ်မတော်သည် မိမိထက်စစ်လက်နက်အင်အားကြီးမားသော ဖက်ဆစ်တို့ကို ပြတ်ပြတ်သားသား တော်လှန်တိုက်ခိုက်ကာ အနိုင်ရယူနိုင်ခဲ့သည်။

ဗြိတိသျှတို့သည် ဖက်ဆစ်ဂျပန်ကို စွမ်းစွမ်းတမံ တော်လှန်တိုက်ခိုက်ခဲ့သော မျိုးချစ်ဗမာ့တပ်မတော်၏ အရည်အသွေးသတ္တိကို လည်းကောင်း၊ ပြည်သူတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားကို လည်းကောင်း မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရသောအခါ မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရတော့သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗြိတိသျှနယ်ချဲ့တို့လက်မှ လုံးဝလွတ်မြောက်ကာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တပ်မတော်က ကိုယ့်ထူးကိုယ်ချွန် စတင်ရပ်တည်နိုင်ခဲ့သည့် မတ်လ ၂၇ ရက်နေ့ကို မြန်မာ့သမိုင်းမော်ကွန်းတွင် တပ်မတော်နေ့အဖြစ် ကမ္ပည်းတင်သတ်မှတ်ဂုဏ်ပြုခဲ့ကြသည်။

လွတ်လပ်ရေးရရှိခဲ့ပြီးနောက်တွင်လည်း နယ်ချဲ့ပယောဂကြောင့် ပြည်တွင်းဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်လာခဲ့သည်။ တပ်မတော်သည် အမျိုးသားအကျိုးစီးပွားကို သစ္စာစောင့်သိပြီး ပြည်တွင်းသောင်းကျန်းသူများနှင့် ပြည်ပကျူးကျော်သူများကို နှိမ်နင်းတိုက်ခိုက်မောင်းထုတ်ပေးခဲ့ရသည်။ ပြည်သူများကြားမှ ပေါက်ဖွားခဲ့သော မျိုးချစ်တပ်မတော်သည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲအောင် ပြည်တွင်းပြည်ပအဖျက်သမားတို့၏ ရန်အန္တရာယ်မှ ကာကွယ်ပေးရသည့် စစ်ရေးတာဝန်ကို တစိုက်မတ်မတ် ထမ်းဆောင်ရခြင်းနှင့်အတူ နိုင်ငံတော်ပြိုကွဲပျက်စီးတော့မည့် အခြေအနေဆိုးများကြုံလာသည့်အခါတိုင်း နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုပါ ဆောင်ရွက်ပေးခဲ့ရသည်။ တပ်မတော်၏ ပခုံးထက်သို့ ယင်းတာဝန်များကျရောက်လာတိုင်းလည်း ပိပိပြင်ပြင်နှင့် ကျေကျေပွန်ပွန်ထမ်းဆောင်ခဲ့သည်သာဖြစ်သည်။

၁၉၅၈ ခုနှစ်က ပထမအကြိမ် နိုင်ငံတော်အာဏာကို ထိန်းသိမ်းကာ အိမ်စောင့်အစိုးရဖွဲ့စည်းလျက် ရွေးကောက်ပွဲကြီး ကျင်းပပေးနိုင်ခဲ့သည်။ ထိုဆောင်ရွက်မှုသည် သွေးချောင်းစီးစေမည့် အစိုးရအကွဲအပြဲကို ထိန်းသိမ်းခဲ့ရခြင်းဖြစ်သကဲ့သို့ ပါလီမန်ဒီမိုကရေစီစနစ်ကို နည်းစနစ်ကျနအောင် ထိန်းသိမ်းပေးခဲ့ရခြင်းလည်း ဖြစ်သည်။

၁၉၆၂ ခုနှစ်ရောက်သောအခါ အာဏာရအစိုးရအဖွဲ့၏ ပျော့ကွက်ဟာကွက်များကြောင့် တိုင်းရင်းသားလူမျိုးများအတွင်း မကျေမလည်မှုများပေါ်ပေါက်လာပြီး ပြည်ထောင်စုပြိုကွဲမည့်အခြေအနေဆိုးနှင့် ကြုံတွေ့ခဲ့ရပြန်သည်။ လွတ်လပ်ရေးပြန်လည်ဆုံးရှုံးမည့်အရေးကို လက်ပိုက်ကြည့်မနေနိုင်သော တပ်မတော်က နိုင်ငံတော်အာဏာကို ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဒုတိယအကြိမ်ထိန်းသိမ်းကာ အမျိုးသားအကျိုးစီးပွားကို ရှေးရှုသည့် ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ရပြန်သည်။ တပ်မတော်ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသော တော်လှန်ရေးကောင်စီက ပြည်သူများဆန္ဒရှိနေသော ဗိုလ်ချုပ်အောင်ဆန်းလိုလားခဲ့သည့် ဆိုရှယ်လစ်ဖင်ခေါ် အများကောင်းစားရေးဝါဒကို အုတ်မြစ်တိုင်စိုက်ထူပေးခဲ့ရခြင်းပင် ဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် တစ်ပါတီစနစ်ကို ဆန့်ကျင်သော နိုင်ငံရေးလှုပ်ရှားမှုများ ပြည်သူများအတွင်း ပေါ်ပေါက်လာခဲ့ပြန်သည်။ မြေပေါ်မြေအောက်သောင်းကျန်းသူများက ထိုလှုပ်ရှားမှုကို အခွင့်ကောင်းယူကာ သွေးထိုးလှုံ့ဆော်လာကြသည်။ မင်းမဲ့စရိုက်ကို လမ်းကြောင်းပေး အသက်သွင်းလာခဲ့ကြသည်။ အမျိုးသားရေးကို သစ္စာစောင့်သိသော တပ်မတော်က နိုင်ငံတော်ပြိုကွဲမည့်အရေးကို လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ နိုင်ငံတော်အာဏာကို တတိယအကြိမ် ထိန်းသိမ်းခဲ့ရပြန်သည်။ ဤတတိယအကြိမ် နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရသည်မှာလည်း နိုင်ငံတော်တစ်ဝန်း မီးဟုန်းဟုန်းတောက်တော့မည့်အခြေအနေနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲတော့မည့်အခြေအနေဆိုးများကို အချိန်မီတားဆီးကာကွယ်ပေးလိုက်ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံသမိုင်းတွင် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းကာ အမျိုးသားနိုင်ငံရေးကို ဦးစီးဦးဆောင်ပြုခဲ့ရသည်မှာ သုံးကြိမ်ရှိခဲ့ပြီဖြစ်သည်။ ထိုပြောင်းလဲမှုအားလုံးသည် တပ်မတော်၏ ဆန္ဒကြောင့် မဟုတ်မူဘဲ သမိုင်းပေးတာဝန်အရ ပြည်သူအများလိုလားသော နိုင်ငံရေးစနစ်သစ်များကို ဦးစီးပဲ့ကိုင်ပြုကာ အုတ်မြစ်ချပေးခဲ့ရခြင်းသာဖြစ်သည်။

ပစ္စုပ္ပန်ကာလတွင် တပ်မတော်သည် အမျိုးသားရေးကို သစ္စာတရားဖြင့် ဦးထိပ်ထားကာ ကြီးမားသောအစဉ်အလာကို ပြဆိုသည့် သမိုင်းဆက်ကို ရေးသား

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအတွင်း ထာဝရငြိမ်းချမ်းရေးရရှိစေနိုင်ရန်အတွက် နိုင်ငံ၏ ပကတိအရှိတရားနှင့် အတိတ်သမိုင်းအတွေ့အကြုံများအပေါ် အခြေခံလျက် ယခင်ကနှင့်မတူသည့် မူများကိုကျင့်သုံး၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ခြုံငုံသုံးသပ်ရပါက ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ပြီး အခြေအနေကောင်းမွန်လျက်ရှိသည်။ နိုင်ငံတော်ကို လက်နက်ကိုင်ဆန့်ကျင်နေသည့်အဖွဲ့များနှင့် ဖိတ်ခေါ်တွေ့ဆုံညှိနှိုင်း၍ ထာဝရငြိမ်းချမ်းရေး ရယူတည်ဆောက်နိုင်အောင်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အဆင့် တွေ့ဆုံဆွေးနွေးမှု၊ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုလွှတ်တော်တွင် သဘောတူလက်မှတ်ရေးထိုးမှုဟူသည့် အဆင့်(၃)ဆင့် ချမှတ်ဆောင်ရွက်နေပြီဖြစ်သည်။

...စ်တပ်မတော် တည်ဆောက်ရေးသို့

ကြွ ယ်

BDA)ကို ဗမာ့တပ်မတော်
၅ွသည်။
အတုအယောင်သာဖြစ်ပြီး
ာက်မှုများကို ကျူးလွန်လာ
တို့ရှေ့မှ မားမားမတ်မတ်
င်ဆင်ခဲ့ရသည်။
်ဆစ်တော်လှန်ရေးကြီးကို
ဆင်နွှဲခဲ့ကြသည်။ ဖက်ဆစ်
တွဲပူးပေါင်းမှုကို ရရှိခဲ့သည့်
မားသော ဖက်ဆစ်တို့ကို
ယူနိုင်ခဲ့သည်။
တော်လှန်တိုက်ခိုက်ခဲ့သော
ည်းကောင်း၊ ပြည်သူတို့၏
င်ထင်တွေ့မြင်လိုက်ရသော
မြန်မာနိုင်ငံသည် ၁၉၄၈
်မှ လုံးဝလွတ်မြောက်ကာ
ပ်ရပ်တည်လာနိုင်ခဲ့သည်။
တော်က ကိုယ့်ထူးကိုယ်ချွန်
န်မာ့သမိုင်းမော်ကွန်းတွင်
ကြသည်။

ယောဂကြောင့် ပြည်တွင်း
က်သည် အမျိုးသားအကျိုး
ားနှင့် ပြည်ပကျူးကျော်သူ
ည်သူများကြားမှ ပေါက်ဖွား
အချုပ်အခြာအာဏာကို
ားတို့၏ ရန်အန္တရာယ်မှ
တ် ထမ်းဆောင်ရခြင်းနှင့်
များကြုံလာသည့်အခါတိုင်း
ဆောင်ရွက်ပေးခဲ့ရသည်။
လာတိုင်းလည်း ပီပီပြင်ပြင်
ည်။

ာဏာကို ထိန်းသိမ်းကာ
ျင်းပပေးနိုင်ခဲ့သည်။ ထို
အပြုကို ထိန်းသိမ်းခဲ့ရခြင်း
နအောင် ထိန်းသိမ်းပေးခဲ့

ဖွဲ့၏ ပျော့ကွက်ဟာကွက်
ည်မှုများပေါ်ပေါက်လာပြီး
ပြန်သည်။ လွတ်လပ်ရေး
နိုင်သော တပ်မတော်က
်နေ့တွင် ဒုတိယအကြိမ်
ပြောင်းလဲမှုများကို ပြုလုပ်ခဲ့
ထားသော တော်လှန်ရေး
အောင်ဆန်းလိုလားခဲ့သည့်
တ်မြစ်တိုင်စိုက်ထူပေးခဲ့ရ

ာ နိုင်ငံရေးလှုပ်ရှားမှုများ
မြေအောက်သောင်းကျန်း
ထိုးလှုံ့ဆော်လာကြသည်။
၅ွသည်။ အမျိုးသားရေးကို
အရေးကို လက်ပိုက်ကြည့်
် ထိန်းသိမ်းခဲ့ရပြန်သည်။
သည်မှာလည်း နိုင်ငံတော်
င့် တိုင်းရင်းသားစည်းလုံး
န်မီတားဆီးကာကွယ်ပေး

အာဏာကို ထိန်းသိမ်းကာ
သုံးကြိမ်ရှိခဲ့ပြီဖြစ်သည်။
င့် မဟုတ်မှုဘဲ သမိုင်းပေး
စ်သစ်များကို ဦးစီးပဲ့ကိုင်

းရေးကို သစ္စာတရားဖြင့်
် သမိုင်းဆက်ကို ရေးသား

ပစ္စုပ္ပန်ကာလတွင် တပ်မတော်သည် အမျိုးသားရေးကို သစ္စာတရားဖြင့် ဦးထိပ်ထားကာ ကြီးမားသောအစဉ်အလာကို ပြဆိုသည့်သမိုင်းဆက်ကို ရေးသားမော်ကွန်းထိုးလျက်ရှိသည်။ တပ်မတော်ခေါင်းဆောင်များသည် လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ရန် လိုအပ်ချိန်၌ နိုင်ငံရေးသမားဘဝမှ မျိုးချစ်တပ်မတော်သားဘဝကို ကူးပြောင်းခဲ့ကြပြီး နိုင်ငံရေးအရ တိုက်ပွဲဝင်ရမည့်အချိန်၌လည်း အမျိုးသားနိုင်ငံရေးသမားဘဝကို ပြန်လည်ကူးပြောင်းသွားခဲ့ကြရသည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံရေးအရရော စစ်ရေးအရပါ နိုင်ငံတော်သမိုင်းတွင် ထွန်းပြောင်ခဲ့ခြင်းဖြစ်သည်။

မော်ကွန်းထိုးလျက်ရှိသည်။ တပ်မတော်ခေါင်းဆောင်များသည် လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ရန် လိုအပ်ချိန်၌ နိုင်ငံရေးသမားဘဝမှ မျိုးချစ်တပ်မတော်သားဘဝကို ကူးပြောင်းခဲ့ကြပြီး နိုင်ငံရေးအရ တိုက်ပွဲဝင်ရမည့်အချိန်၌လည်း အမျိုးသားနိုင်ငံရေးသမားဘဝကို ပြန်လည်ကူးပြောင်းသွားခဲ့ကြရသည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံရေးအရရော စစ်ရေးအရပါ နိုင်ငံတော်သမိုင်းတွင် ထွန်းပြောင်ခဲ့ခြင်းဖြစ်သည်။

တပ်မတော်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းဖြစ်ပေါ်လာသော အရပ်ဘက်အစိုးရအား ၃၀-၃-၂၀၁၁ ရက်က အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာတည်းဟူသော အာဏာများ အပါအဝင် နိုင်ငံတော်အစိုးရ၏ လုပ်ပိုင်ခွင့်အရပ်ရပ်အား စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် တပ်မတော်သည် ကျရာကဏ္ဍမှ တစိုက်မတ်မတ် ကြိုးပမ်းပါဝင်လုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအတွင်း ထာဝရငြိမ်းချမ်းရေးရရှိစေနိုင်ရန်အတွက် နိုင်ငံ၏ ပကတိအရှိတရားနှင့် အတိတ်သမိုင်းအတွေ့အကြုံများအပေါ် အခြေခံလျက် ယခင်ကနှင့်မတူသည့်မူများကို ကျင့်သုံး၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ခြုံငုံသုံးသပ်ရပါက ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ပြီး အခြေအနေကောင်းမွန်လျက်ရှိသည်။ နိုင်ငံတော်ကို လက်နက်ကိုင်ဆန့်ကျင်နေသည့် အဖွဲ့များနှင့် ဖိတ်ခေါ်တွေ့ဆုံညှိနှိုင်း၍ ထာဝရငြိမ်းချမ်းရေး ရယူတည်ဆောက်နိုင်အောင် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အဆင့် တွေ့ဆုံဆွေးနွေးမှု၊ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုလွှတ်တော်တွင် သဘောတူလက်မှတ်ရေးထိုးမှုဟူသည့် အဆင့်(၃)ဆင့် ချမှတ်ဆောင်ရွက်နေပြီဖြစ်သည်။ လက်ရှိအခြေအနေတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုများ အတိုင်းအတာတစ်ခုအထိ အောင်မြင်လျက်ရှိရာ နှစ်များစွာမကြာမီ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုများ ရုပ်လုံးပေါ်လာတော့မည်ဖြစ်သည်။

ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းများအောင်မြင်ပြီးမြောက်ရေးသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အထူးပင်အရေးကြီးလှသည်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိမှု၊ နိုင်ငံရေးတည်ငြိမ်မှုများအပေါ်တွင် အခြေခံ၍ နိုင်ငံတကာ၏ သဘောထားအမြင်များပြောင်းလဲဖြစ်ပေါ်လာခြင်း၊ ပြည်ပအရင်းအနှီးများ အများအပြား ဝင်ရောက်လုပ်ကိုင်လာနိုင်ခြင်း၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ဂုဏ်ရှိန်မြင့်မားလာနိုင်ခြင်း စသော ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းများ၊ အခွင့်အလမ်းများကို ရရှိခံစားနိုင်မည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်လာမည့် ပြည်သူတို့၏လူမှုစီးပွားဘဝ အစဉ်ဖွံ့ဖြိုးစည်ပင်ရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အဓိကတာဝန်ယူထားရသော တပ်မတော်အနေဖြင့်လည်း အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် ဆက်လက်တည်ဆောက်သွားရမည်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးရရှိပြီးသည့်နောက်တွင်ကား တပ်မတော်သည် တစ်ခုတည်းသော အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် လက်နက်ကိုင်ကာကွယ်ရေးအင်အားစုကြီးအဖြစ် ထီးထီးမားမားရပ်တည်နိုင်အောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း ဖော်ညွှန်းရေးသားလိုက်ရပေသည်။ ။

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို စွဲမြဲစွာခံယူစောင့်ထိန်းရေး။

☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကဗျာ

လက်ရာရှင်

* တပေါင်းနွေမာန်၊ နီရဲလျှံလျက်
တော်လှန်ခဲ့သည် မဟုတ်လော။

* စိတ်ဓာတ်ပြတ်သား၊ သတ္တိအားနှင့်
ပိုင်းခြားခဲ့သည် မဟုတ်လော။

* မစိုးမရွံ့၊ နောက်မတွန့်ဘဲ
သက်စွန့်ခဲ့သည် မဟုတ်လော။

* အငတ်အပြတ်၊ ဆင်းရဲထပ်လည်း
ရှေ့ရပ်ခဲ့သည် မဟုတ်လော။

* မြန်မာလူမျိုး၊ ဂုဏ်မညှိုးဖို့
ရှေ့တိုးခဲ့သည် မဟုတ်လော။

* အမျိုးဘာသာ၊ သာသနာကို
တွယ်တာခဲ့သည် မဟုတ်လော။

* မြေပြန့်ပြည်နယ်၊ ပူးပေါင်းသွယ်၍
ကာကွယ်ခဲ့သည် မဟုတ်လော။

* မိစ္ဆာနတ်ဆိုး၊ စရိုက်မျိုးကို
နှိမ်ချိုးခဲ့သည် မဟုတ်လော။

* ယနေ့ချိန်ခါ၊ ပြည်မြန်မာဟု
ထည်ဝါမြင့်မား၊ ဝင့်ဝင့်ကြွားအောင်
သွေးသားဆက်နှင်း၊ ဒို့သွေးချင်း၏
အံတင်းကြိတ်မှိတ်၊ မျိုးချစ်စိတ်ကြောင့်
ပုံရိပ်သပ်ရပ်၊ ထွန်းတည်လတ်သည်
ဒို့တပ်မတော် လက်ရာတည်း။ ။

ကန့်ဘလူခင်မောင်ဆွေ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၃-၃-၂၀၁၂ (သောကြာနေ့)

၅း၄၀	"မိဘကျေးဇူး" တရားတော် (ဆရာတော်ဘဒ္ဒန္တနာရဒ)
၈း၅၅	ပန်းမျိုးတစ်ရာ. . . အလှတစ်ရာ . . . ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှာ
၉း၁၅	Activities In The City (ရန်ကုန်စီးပွားရေးတက္ကသိုလ် မဟာဘွဲ့ (EMPA/MPA) သင်တန်းသားများ၏ ဘွဲ့ယူ ဂုဏ်ပြုညစာစားပွဲ)
၉း၅၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၁၅	ဖန်တီးသူ၏ ပညာစွမ်းမှသည် . . . လှပသောဘဝများဆီသို့
၁၂း၄၅	Junction Square မှ "iora" ဆိုင်ဖွင့်ပွဲ
၄း၀၀	MNL MYANMAR 2012 (Mawyawady Vs Nay Pyi Taw)(LIVE)
၆း၁၅	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဒါရိုက်တာမောင်မောင်မြင့်) (အပိုင်း-၇)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၃၀)**
၇း၃၅	Fashion Week (မိတ်ကပ်ခင်စန်းဝင်း)(အပိုင်း-၂)
၈း၃၀	စိတ်အားထက်သန် ဆန္ဒအမှန် (လူမင်း၊ ဖိုးသောကြာ၊ ရှက်တယ်)
၈း၄၅	Myanmar Cooking Master (ပွဲစဉ်-၆)
၉း၀၅	အနုပညာမိုးကောင်းကင်
၉း၂၀	The Shop Around The Corner (Part-50)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၀၇)**
၁၀း၂၀	Style ရှိမှ Star ဖြစ်မယ်
၁၁း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၂၂)**
၁၂း၃၅	VJ Choice
၁း၅၀	World of Knowledge
၃း၅၅	ရှောင်လေဝေးဝေးအရက်ဘေး
၄း၅၀	ပူဇော်လျှုဒါန်းကြာသက်န်း

ယဉ်ကျေးလိမ္မာကြစေချင်

ရန်ကုန် မတ် ၂၂

"ယနေ့ လူငယ်၊ နောင်ဝယ်လူကြီး" ဆိုသလို လူငယ်များသည် အနာဂတ်နိုင်ငံ၏ လမ်းပြကြယ်များဖြစ်ကြသည်။ လူငယ်များကို ငယ်စဉ်ကပင် အတတ်ပညာသာမက အသိပညာပါ ယှဉ်တွဲသင်ကြားပေးသင့်သည်။ သို့မှသာ လူတော်လူကောင်း၊ လူကောင်းလူတော်များ ဖြစ်လာပေလိမ့်မည်။

နွေရာသီ အတန်းတင်စာမေးပွဲများ ဖြေဆိုပြီးချိန်တွင် လူငယ်များအတွက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဓမ္မာရုံများ၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်ကို တွေ့ရသည်။ သင်တန်းများတွင် လူငယ်များကို ဗုဒ္ဓဘာသာအခြေခံဘုရားရှိခိုးနည်းမှစ၍ (၃၈)ဖြာ မင်္ဂလာတရားနှင့်အညီ အပြောအဆို၊ အနေအထိုင်၊ အသွားအလာများကို ယဉ်ကျေးလိမ္မာလာအောင် သင်ကြားပေးလျက်ရှိသည်။ သို့မှသာ လူငယ်များသည် နောင်တစ်ချိန်တွင် အသိပညာကို အတတ်ပညာနှင့် ယှဉ်တွဲ၍ ကျင့်သုံးလိုက်နာပါလျှင် လူမှုရေးနယ်ပယ်၌ သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာပေလိမ့်မည်ဟု ယုံကြည်ပါသည်။

ငယ်စဉ်ကပင် ဘာသာတရားအခြေခံရှိလာသည့် လူငယ်များမှာ အတွေးအခေါ်ရင့်ကျက်လိမ္မာကာ အရာရာကို စဉ်းစားချင့်ချိန်ဆုံးဖြတ်နိုင်ပြီး အနာဂတ်နိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် မိမိအကျိုး၊ အများအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးထမ်းဆောင်နိုင်ကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ (ရီရီမြင့်-သတင်းစဉ်)



ဖရဲစိုက်ပျိုးမှုအထွက်ကောင်း၍ တစ်ဖက်နိုင်ငံသို့ တင်ပို့

မန္တလေး မတ် ၂၂

မန္တလေးခရိုင် အမရပူရမြို့နယ် ရှမ်းလေးကျွန်းဒေသနှင့် ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်များရှိ မြေနုကျွန်းများတွင် ရာသီဥတုကောင်းမွန်မှုကြောင့် ထိုင်ဝမ်ဖရဲမျိုးများနှင့် ပြည်တွင်းဖရဲမျိုးများ စိုက်ပျိုးအောင်မြင်ပြီး အထွက်နှုန်းကောင်းမွန်လျက်ရှိသည်။ ပြည်တွင်းဖရဲသီးတစ်လုံး လက်လီ ငွေကျပ် ၅၀၀၊ ထိုင်ဝမ်ဖရဲအကြီးတစ်လုံး ငွေကျပ် ၁၀၀၀၊ ထိုင်ဝမ်ဖရဲ(အဝါ) ငွေကျပ် ၁၅၀၀ ပေါက်ဈေးရှိသည်။ ထိုင်ဝမ်ဖရဲသီးများအား နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ကောင်းမွန်မှုကြောင့် မန္တလေးဝန်းကျင်ရှိ သစ်သီးပွဲရုံများမှတစ်ဆင့် တရုတ်ပြည်သို့ ဆယ်ဘီးကားကြီးများဖြင့် တင်ပို့လျက်ရှိရာ ဖရဲစိုက်တောင်သူများ ဝင်ငွေကောင်းလျက်ရှိသည်။ မူဆယ်ဈေးကွက်တွင် အစေ့လွတ် ဖရဲတစ်ကီလို ၁ ဒသမ ၂ ယွမ်မှ အရွယ်အစားအလိုက် ၃ ဒသမ ၅ ယွမ်အထိလည်းကောင်း၊ မြန်မာမျိုးဖရဲကြား တစ်ကီလို သုညဒသမ ၂ ယွမ်မှ ၂ ဒသမ ၅ ယွမ်အထိ ဈေးပေါက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

သီဟကိုကို(မန္တလေး)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr.Andrew Richard Heyn နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အိန္ဒိယနိုင်ငံ PGCIL မှ ကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိန်နိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၂၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အိန္ဒိယသမ္မတနိုင်ငံ Power Grid Corporation of India Limited (PGCIL)မှ Director (Projects), Mr. I.S.JHA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အိန္ဒိယနိုင်ငံအစိုးရချေးငွေဖြင့် အကောင်အထည်ဖော်တည်ဆောက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအတွက် ပစ္စည်းပေးသွင်းရေးစာချုပ်ချုပ်ဆိုပြီးပါက စီမံကိန်းဆောလျင်စွာ အကောင်အထည်ဖော်တည်ဆောက်နိုင်ရန်လိုအပ်သော Tower Design များ အမြန်ဆုံးပေးပို့ အတည်ပြုရေး၊ ပစ္စည်းပေးသွင်းမှုအချိန် တိကျမြန်ဆန်စေရေး၊ အရည်အသွေးကောင်း ပစ္စည်းများ ပေးသွင်းရေးတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Richard Heyn နှင့်အဖွဲ့သည် မတ် ၂၀ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လာရောက်တွေ့ဆုံပြီး ဗြိတိန်နိုင်ငံ ကုမ္ပဏီကြီးများက မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလများ၌ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ယခုကာလအတွင်း မြန်မာနိုင်ငံ လျှပ်စစ်ကဏ္ဍ၌ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ဗြိတိန်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများအား လေ့လာပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း(၂၀၁၂) ဖွင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၂၂

မန္တလေးတိုင်းဒေသကြီး အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးမှ ရပ်ကွက်၊ ကျေးရွာသတ်မှတ်စုရပ်နေရာများ၌ (၉)လမှ (၅)နှစ် အောက် ကလေးငယ် စုစုပေါင်း ငါးသိန်းကျော်အား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို မတ် ၂၂ ရက်မှ ၃၁ ရက်အထိ ၁၀ ရက်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင် မန္တလေးတိုင်းဒေသကြီး အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ပိန်းဇလုပ်-ရေတွင်းကုန်း-အင်းပရိ ဂဝံလမ်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၂၂

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပိန်းဇလုပ်-ရေတွင်းကုန်း-အင်းပရိ ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ငွေ၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောလင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါ ပိန်းဇလုပ်-ရေတွင်းကုန်း-အင်းပရိ ဂဝံလမ်း သစ်မှာ အရှည်ပေ ၅၇၁၀၊ အကျယ် ၁၀ ပေရှိပြီး ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၃၀၃ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရပ်စောက်မြို့ သံတိုသံစရောင်းဝယ်ရေးဆိုင်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား တစ်ဦးသေဆုံးပြီး တစ်ဦးပြင်းထန်စွာဒဏ်ရာရရှိ

ရပ်စောက် မတ် ၂၂

ယမန်နေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့ သံတိုသံစရောင်းဝယ်ရေးဆိုင်တစ်ဆိုင်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး တစ်ဦးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

ရပ်စောက်မြို့ရွှေညောင်လမ်းရှိ ဦးပိန် သံတိုသံစရောင်းဝယ်ရေးဆိုင်၌ အာပီဂျီဗုံးသီးအဟောင်းတစ်လုံးအား ထုခွဲ၍ ယမ်းများထုတ်ယူရန်ပြုလုပ်ရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် ဆိုင်ရှင် ဦးပိန်(ခ) ဦးခင်မောင်ဝင်း(၃၈)နှစ် သေဆုံးပြီး ရေခဲချောင်းရောင်းသူ ဦးရေချမ်း(ခ)ဦးသက်ဦး(၄၈)နှစ်မှာ ပြင်းထန်စွာ ဒဏ်ရာရရှိသဖြင့် ဆေးရုံသို့ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

မတ် ၁၉ ရက်က မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ သံရည်ကျိုအလုပ်ရုံတစ်ရုံ၌ သံထည်များဖျက်ရန် ထုရိုက်ရာမှ ဗုံးသီးဟောင်းတစ်လုံးကို ထုရိုက်မိသဖြင့် ပေါက်ကွဲမှုဖြစ်ပွားကာ အလုပ်သမား သုံးဦး သေဆုံးမှုဖြစ်ပွားသည့် ဖြစ်စဉ်အပြီး ယခုထပ်မံအလားတူဖြစ်စဉ်မျိုး ဖြစ်ပွားခြင်းဖြစ်သဖြင့် အခြားသော သံတိုသံစအရောင်းဆိုင်များ၊ သံရည်ကျိုအလုပ်ရုံများကို ဝင်ရောက်ရှာဖွေစစ်ဆေးခြင်းဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားသင့်ကြောင်း တွေးမိပါသည်။ (စိုးစိုးထွန်း)

ဥတုရာသီ တောက်ပိုမှိ၏

◆ **ကိုယ်ဝန်ဆောင်စဉ်မှ**

ခံစားရသည်ကို တေလာနှင့်အဖွဲ့က ၎င်းတို့လေ့လာမှုကို သိပ္ပံပညာဂျာနယ်တွင် ဖော်ပြခဲ့သည်။ သန္ဓေသားဘဝ ဓာတ်ရောင်ခြည်သင့်ခဲ့သော အရွယ်ရောက်ကြွက်ငယ်၏ ဦးနှောက်ဆိုင်ရာ လျှပ်စီးလှုပ်ရှားမှုများကို တိုင်းတာခြင်းနှင့် အပြုအမူနှင့် စိတ်ပိုင်းဆိုင်ရာ စမ်းသပ်မှုတို့ကို တေလာနှင့်အဖွဲ့က ဆောင်ရွက်ခဲ့ကြောင်း ရေးလ်တက္ကသိုလ် ကြေညာချက်တွင် ဖော်ပြသည်။

ကိုယ်ဝန်ဆောင်ကြွက်သည် ဆဲလ်ဖုန်းမှ ထွက်ရှိလာသည့် ရောင်ခြည်များကို အကာအကွယ်မရရှိခြင်းကြောင့် ဦးနှောက်မှတ်ဉာဏ် စွမ်းရည်လျော့ကျခဲ့ခြင်းနှင့် တက်ကြွလွန်ရောဂါ (ADHD-attention deficit hyperactivity disorder) တို့ကို ပိုမိုဖြစ်လာနိုင်သည့် အလားအလာရှိကြောင်း လေ့လာသူများက တွေ့ရှိခဲ့သည်။ အပြုအမူဆိုင်ရာ ပြောင်းလဲမှုများသည် ကိုယ်ဝန်ဆောင်နေစဉ် ဆဲလ်ဖုန်းများ သုံးခြင်းကြောင့် ဦးနှောက်၏ ရှေ့ဆုံးအပိုင်းတွင်ရှိသည့် အာရုံကြောကလာပ်စည်းများ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခြင်းဖြစ်ကြောင်း ပါမောက္ခ တေလာနှင့်အဖွဲ့က မှတ်ချက်ပြုပြောကြားသည်။ ကလေးငယ်များတွင် အပြုအမူဆိုင်ရာပြောင်းလဲမှုပြဿနာများ မြင့်တက်လာခြင်းသည် ကိုယ်ဝန်ဆောင်စဉ် သန္ဓေသားဘဝတွင် ဆဲလ်ဖုန်းမှ ရောင်ခြည်သင့်ခြင်းကြောင့်ဖြစ်ရသည်ဟု လေ့လာသူများက သုံးသပ်သည်။ **(ကိုထက်)**

ဝန်ဆောင်မှုကောင်းစေချင်

အသက် (၉၄)နှစ်ရှိ ဖခင်ကြီး မကျန်းမာကြောင်းသိရ၍ မွေးရပ်မြေ မုဒုံမြို့သို့ ဖေဖော်ဝါရီ ၁၄ ရက် ညတွင် ရန်ကုန်-မော်လမြိုင်-ထားဝယ် ည ၇ နာရီခွဲထွက်သည့် ရထားဖြင့် မိမိတို့မိသားစု ပြန်ခဲ့သည်။

ရန်ကုန်ဘူတာကြီးသို့ ယင်းနေ့ည ၇ နာရီတွင် ရောက်သည်။ မိမိတို့စီးနင်းရမည့် ရိုးရိုးတန်းတွဲ(၁)ကို ရှာ၍မတွေ့။ ခရီးသည်အချင်းချင်းလည်း မသိ၊ ရထားဝန်ထမ်းတချို့ကို မေးတော့လည်း မည်သူမျှ တိတိကျကျမဖြေ၊ ခက်ချေပြီ။ အခြားရိုးရိုးတန်းတစ်တွဲတွဲပေါ်တက်ပြီး နံပါတ်တူထိုင်ခုံတွင် ဝင်ထိုင်၍မဖြစ်၊ ခရီးသည်အချင်းချင်းစကားများကြမည်။ မည်သည့်အတွက်ကြောင့် ရိုးရိုးတန်းတွဲ(၁)မပါကြောင်း ဘူတာကြီးပြန်ကြားရေးဌာနကလည်း ကြေညာသည်ကိုမကြားရ။ ကြေညာချက်ဆိုင်းဘုတ်များကို ရှာမတွေ့။ တော်ပါသေး၏။ ရထားမထွက်မီ ၁၀ မိနစ်ခန့်အလိုတွင် တာဝန်ရှိသူတစ်ဦး၏ စီစဉ်ပေးမှုဖြင့် မိမိအပါအဝင် ရိုးရိုးတန်းတွဲ(၁) ခရီးသည်များ ယင်းနေ့ည ခရီးသွားမှုအဆင်ပြေခဲ့ရသည်။

"တကယ်ဆို ဒီလိုမျိုးဖြစ်ခဲ့ရင် ခရီးသည်တွေအတွက် ဘယ်ရထားတွဲကို ပြောင်းရွှေ့စီးနိုင်ကြောင်း ကြေညာဖို့ကောင်းတယ်။ ဒါဟာ ခရီးသွားပို့ဆောင်ရေးကဏ္ဍမှာ အထူးလိုအပ်တဲ့ အကူအညီပေးရေးဆိုင်ရာ ဝန်ဆောင်မှုကောင်းတစ်ခုပါ။ ခရီးသွားများရဲ့ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးရာရောက်တယ်"ဟု ခရီးသွားဖော်တစ်ဦးက သုံးသပ်ပြောဆိုသည်။

မွေးရပ်မြေရောက်ပြီး ၁၅ ရက်အကြာတွင် ဖခင်ကြီးဆုံးသည်။ ဖခင်ကြီး၏ နာရေးကိစ္စပြီးစီး၍ မတ် ၁၁ ရက်ညတွင် ထားဝယ်-မော်လမြိုင်-ရန်ကုန် ညရထားဖြင့် မော်လမြိုင်ဘူတာမှတစ်ဆင့် ရန်ကုန်သို့ ပြန်သည်။ ရထားထွက်ချိန် ည ၉ နာရီ မိနစ် ၂၀ ဟု ရထားစီးလက်မှတ်ပေါ်တွင် ရိုက်နှိပ်ထားသည်။ မိမိမိသားစုများအပါအဝင် ခရီးသည်များ ဘူတာသို့ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း အချိန်စောစောရောက်နှင့်ကြသည်။ ည ၉ နာရီအထိ မုဒုံဘူတာမှ တစ်ဆင့်ရောက်မည့် ထားဝယ်ရထားကို အရိပ်အယောင်တောင် မတွေ့မမြင်ရ မကြားရ။ သို့သော် ဘူတာ ခရီးသည်များအတွက် မည်သည့်နှိုးဆော်ချက်ကိုမျှ ထုတ်ပြန်ကြေညာပေးခြင်းမရှိ။

ဈေးဝယ်ဈေးသည်ခရီးသည်များဖြင့် ပျားပန်းခပ်မျှ သက်ဝင်လှုပ်ရှားနေသလောက် ဘူတာရှိ သတင်းနှင့်ပြန်ကြားရေးဌာန၏ အသိပေးနှိုးဆော်သံကား ဆိတ်သုဉ်းနေသည်။ ရထားမည်သည့်အတွက်ကြောင့် နောက်ကျသည်၊ မုဒုံဘူတာမှတစ်ဆင့် မည်သည့်အချိန်ထွက်ခွာလာပြီးမော်လမြိုင်ဘူတာသို့ မည်သည့်အချိန်ဆိုက်ရောက်မည်၊ ရန်ကုန်သို့ မည်သည့်အချိန် ဆက်လက်ထွက်ခွာမည်ဆိုသည်ကို ကြေညာပေးမည်ဆိုပါက ဝန်ဆောင်မှုဖြင့် ဖြေသိမ့်ပေးခြင်းဖြစ်ပေရာ ခရီးသည်များအတွက် စိတ်ပင်ပန်းမှုကို သက်သာစေမည်ဖြစ်သည်။ ယခုမူကား အသံချဲ့စက်(သို့မဟုတ်) ကြေညာစာတန်းဖြင့် နှိုးဆော်ချက်တစ်စုံတစ်ရာမျှပင် မကြား၊ မသိရသည်မှာ ခရီးသည်များအတွက် စိတ်ကသိကအောက်ဖြစ်ရသည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများ ရထားစီးလက်မှတ်လွယ်ကူစွာ ဝယ်ယူရရှိရေး၊ မသမာမှုကင်းရှင်းရေး၊ ခရီးစဉ်တစ်လျှောက် လုံခြုံချောမွေ့စွာ လိုရာခရီးကို သွားလာနိုင်ရေး၊ ဌာနဝင်ငွေတိုးတက်ရရှိရေးကို စဉ်ဆက်မပြတ် စီမံချက်ချမှတ်ဆောင်ရွက်နေသည်မှာ အားရဖွယ်ပင်ဖြစ်သည်။

မီးရထားများ၏ ဝင်ချိန်/ထွက်ချိန် မှန်ကန်ရေး၊ ရထားဘူတာများ၌ ခရီးသည်များ စောင့်ဆိုင်းနားခိုချိန်တွင် အသံချဲ့စက်များ၊ နှိုးဆော်ချက်စာတန်းများဖြင့် ကြေညာပေးခြင်းဖြင့်လည်းကောင်း၊ တခြားသင့်တင့်သည့် ဝန်ဆောင်မှုကောင်းများ ထပ်လောင်းပံ့ပိုးပေးခြင်းဖြင့်လည်းကောင်း ကူညီဆောင်ရွက်ပေးပါက ခရီးသွားပြည်သူများ မြန်မာ့မီးရထားအပေါ် ပိုမိုအလေးထားအားကိုးလာကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဝန်ဆောင်မှုကောင်းစေချင်ပါသည်ဟူ၍သာ . . . .

အထူးမှတ်ချက်. . . . . ယင်းနေ့ည(ထားဝယ်-မော်လမြိုင်-ရန်ကုန်) ညရထားသည် မော်လမြိုင်ဘူတာမှ ည ၉ နာရီ မိနစ် ၂၀ တွင် ထွက်ခွာရမည့်အစား ည ၁၀ နာရီခွဲမှထွက်ခွာပြီး ရန်ကုန်ဘူတာကြီးသို့ နောက်တစ်နေ့ နံနက် ၇ နာရီခွဲတွင် ဆိုက်ရောက်ရမည့်အစား နံနက် ၉ နာရီခွဲတွင်မှ ဆိုက်ရောက်ခဲ့ပါကြောင်း. . . .

သတင်းမှတ်စု - ကိုချစ်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၃-၃-၂၀၁၂ (သောကြာနေ့)

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်	ခရီးသွားမှတ်တမ်း"
၄း၂၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက	၇း၁၀ ၈။ "ဒီမိုမွေးနေ့" (ရှက်တယ်၊ နိုင်လူ၊ ဝါးခယ်မရဲမောင်၊ ဇော်ဝင်းနိုင်၊အေးအေးခိုင်၊ အိဖြိုးချယ်ရီ) (ဒါရိုက်တာ-အကယ်ဒမီဇော်မြင့်ဦး)
၄း၄၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)	၈း၀၀ ၉။ ပြည်တွင်းသတင်း
၅း၀၀ ၄။ မြန်မာစာ၊မြန်မာစကား	၁၀။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၅း၂၀ ၅။ "တစ်သက်တာတီဘီ ကင်းဝေးရေးအားလုံး ပါဝင်ဆောင်ရွက်ပေး"	၁၁။ လျှပ်တစ်ပြက်ဟာသများ
	၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသချေ" (အပိုင်း-၁၇)
၆း၂၀ ၆။ ရသစုံလင် အင်တာနက်ဥယျာဉ်	
၆း၅၀ ၇။ "ထမ်စမ်းလိုဏ်ဂူတော်	၁၃။ သီချင်းချစ်သူ (စည်သူလွင်)

အင်တာနက် ကျန်းမာရေးသတင်း

ကိုယ်ဝန်ဆောင်စဉ် ဆဲလ်ဖုန်းအသုံးပြုပါက သန္ဓေသား၏ ဦးနှောက်ကို ထိခိုက်နိုင်

ကိုယ်ဝန်ဆောင်နေစဉ်ကာလ၌ ဆဲလ်ဖုန်းများ အသုံးပြုခြင်းမှ အန္တရာယ်ရှိသည့် ရောင်ခြည်များ ဖြာထွက်လာခြင်းသည် သန္ဓေသား၏ ဦးနှောက်ကို ထိခိုက်စေနိုင်ကြောင်း၊ မွေးဖွားပြီးနောက် ကလေးသည် သာမန်ထက် ပိုမိုသွက်လက်လှုပ်ရှားခြင်း(တက်ကြွလွန်ရောဂါ)ပို၍ ဖြစ်စေနိုင်ကြောင်း အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယခုလေ့လာတွေ့ရှိချက်သည် ထူးခြားသည့် ပထမဆုံးလေ့လာတွေ့ရှိမှုဖြစ်ကြောင်း၊ ဆဲလ်ဖုန်းများမှ ထွက်သည့် ရောင်ခြည်လှိုင်းများ ဖြာထွက်မှုကြိမ်နှုန်းကို သန္ဓေသားမှ အကာအကွယ်မရရှိခြင်းသည် မွေးဖွားပြီးနောက် ကလေးငယ်၏ အပြုအမူနေထိုင်ပုံကို ထိခိုက်စေခြင်း ပင်ဖြစ်ကြောင်း ရေးလ်ဆေးတက္ကသိုလ် ဓာတ်ရောင်ခြည်ဌာန ပါမောက္ခ ဟုချ်အက်စ်တေလာ(Hugh S Taylor)က ပြောကြားသည်။

ကိုယ်ဝန်ရှိနေသည့် ကြွက်တစ်ကောင်ကို လှောင်ချိုင့်တွင်ထား၍ လှောင်ချိုင့်အပေါ်မှ အသုံးမပြုသေးသည့် ဆဲလ်ဖုန်းကို ထားရှိခြင်းနှင့် ဆိတ်ငြိမ်နေသောဆဲလ်ဖုန်းမှ ထွက်ရှိလာသော အန္တရာယ်ရှိသည့် ရောင်ခြည်များနှင့် အသုံးပြုနေသော (ခေါ်ဆိုနေသော)ဆဲလ်ဖုန်းကို ထားရှိခြင်းတို့မှ ထွက်ရှိလာသော ရောင်ခြည်များကို ကိုယ်ဝန်ရှိနေသော ကြွက်ငယ်အကာအကွယ်မဲ့စွာ **စာမျက်နှာ ၁၀ ကော်လံ ၃ သို့◆**

ကားလမ်းနှင့်ရထားလမ်း ယှဉ်တွဲပါဝင်သည့် ဧရာဝတီတံတား(မလွန်) သံပေါင်တင်ပြီး၊ တံတားကြီးပြီးသွားလျှင် ဧရာဝတီမြစ် အနောက်ဘက်ကမ်းဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်

ဧရာဝတီတံတား(မလွန်)သည် မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ရွာသစ်ကျေးရွာနှင့် စစ်ကိုးပင်(စစ်ခိုပင်)အနီး မိကျောင်းရဲ-ပဋ္ဌနဂိုရ် ကားလမ်း မိုင်တိုင်အမှတ် (၁၁/၄)နှင့် (၁၁/၅) အကြား ဧရာဝတီမြစ်၏ စတုတ္ထမြစ်ကျဉ်း နေရာ၌ မြစ်ကိုဖြတ်ကျော်တည်ဆောက်နေသော ကားလမ်းနှစ်လမ်းနှင့် ရထားလမ်းတို့ ယှဉ်တွဲပါရှိသည့် တံတားကြီးဖြစ်သည်။

သတင်းဆောင်းပါး (စာမျက်နှာ ၃)

နိုင်ငံတကာအားကစားသတင်း

အပြောင်းအလဲမြန်သည့် လူးဝစ်ဆွာရက်ဇ် လီဗာပူး၌သာ နေချင်သည်ဟု ဆိုလာပြန်



လီဗာပူး မတ် ၂၂

ပီအက်စ်ဂျီအသင်းတွင် ကစားလျက်ရှိသည့် ဥရုဂွေးအသင်းမှ အသင်းဖော် ဒီယေဂို လူဂါနိုနှင့်အတူတွဲ၍ ပြင်သစ်ကလပ်တွင်ကစားလိုသည်ဟု ပြီးခဲ့သည့်ရက်သတ္တပတ် အနည်းငယ်အတွင်းက ထုတ်ဖော်ပြောကြားခဲ့သည့် လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်သည် ယခုအခါ လီဗာပူးအသင်း၌သာ ဆက်လက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားလာပြန်သည်။

မန်ယူနောက်ခံလူ ပက်ထရစ်အီဗရာကို ရိုင်းစိုင်းစွာပြောဆိုခဲ့မှုကြောင့် ရှစ်ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရသည့် လူးဝစ်ဆွာရက်ဇ်သည် ပရိသတ်များ၏ ဝေဖန်မှုကိုခံခဲ့ရ၍ အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ရိပ်ဖမ်း သံဖမ်းပြောဆိုခဲ့သည်။

သို့သော် ယခုအခါ လီဗာပူးအသင်းတွင် နေရသည်ကို ပျော်ရွှင်ကြောင်း၊ လာမည့် အပြောင်းအရွှေ့ဈေးကွက်တွင် လီဗာပူးအသင်းနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရန် လိုလားနေကြောင်း ပြောကြားလာပြန်သည်။

အင်တာနက်

နိုင်ငံတကာအနုပညာရပ်ဝန်း

နောအဖြစ် သရုပ်ဆောင်မည့် ရပ်ဆယ်ခရိုး

နယူးဇီလန်နိုင်ငံဖွား ဟောလိဝုဒ်သရုပ်ဆောင် ရပ်ဆယ်ခရိုးသည် ဒါရိုက်တာ အာရိုနော့စကီး ရိုက်ကူးမည့် (Noah) "နောဧ"အမည်ရှိ ဇာတ်ကားတွင် ခရစ်ယာန်ဓမ္မဟောင်းကျမ်းလာ နောဧအဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်း ယူပီအိုင်ဖျော်ဖြေမှု အနုပညာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဆိုးရွားလှသောရေဘေးကြီး ကမ္ဘာပေါ်တွင် ကျရောက်မည်ဟူသော ဘုရားသခင်၏ သတိပေးမှုကို လက်ခံရရှိသည့် လူသားတစ်ဦးအနေဖြင့် ဧရာမလှေကြီးတစ်စင်းတည်ဆောက်ကာ ရနိုင်သမျှသော သက်ရှိသတ္တဝါများကို တင်ဆောင်၍ ရေဘေးမှ တိမ်းရှောင်ခဲ့သည့် ဓမ္မဟောင်း ကျမ်းဝင်ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးရာတွင် ရပ်ဆယ်ခရိုးမှာ နောဧအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်ဟု ဆိုသည်။

ရပ်ဆယ်ခရိုးသည် Cinderella Man၊ A Beautiful mind နှင့် Gladiator ဇာတ်ကားများဖြင့် ကျော်ကြားခဲ့သကဲ့သို့ ဤဇာတ်ကားကို ရိုက်ကူးမည့် ဒါရိုက်တာ အာရိုနော့စကီးသည်လည်း Black Swan၊ The wrestler နှင့် The fountain စသည့် ဇာတ်ကားများကို ထူးချွန်စွာရိုက်ကူးခဲ့သူဖြစ်သည်။

အင်တာနက်

အီတလီရှိ သမိုင်းဝင် ဗင်းနစ်မြို့ ရေအောက်သို့ တစ်စတစ်စ နစ်မြုပ်နေ

ဗင်းနစ် မတ် ၂၂

အီတလီနိုင်ငံရှိ ရှေးဟောင်းမြို့ကြီးတစ်မြို့ဖြစ်သော ဗင်းနစ်မြို့သည် လာမည့်နှစ် ၂၀ ကာလအတွင်း ရေအောက်သို့ သုံးလက်မခန့် နစ်မြုပ်သွားနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။ ဗင်းနစ်မြို့သည် ဗင်းနစ်ပင်လယ်ကွေ့ရှိ ပင်လယ်ရေအိုင်ကြီးအတွင်း ကျွန်းငယ်များပေါ်၌ တည်ရှိသည်။

သမိုင်းဝင်မြို့ကြီးဖြစ်သော ဗင်းနစ်မြို့သည် ရေအောက်သို့ တစ်စတစ်စ နစ်မြုပ်လျက်ရှိကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာတိုင်းတာမှုအသစ်များအရ သိရသည်။

ယခင်လေ့လာချက်များတွင်မူ ဗင်းနစ်မြို့တည်ငြိမ်စွာ တည်ရှိနေသည်ဟု ဖော်ပြခဲ့သည်။

အီတလီအရှေ့မြောက်ပိုင်းရှိ ဗင်းနစ်မြို့သည် တစ်နှစ်လျှင် ၂ မီလီမီတာနှုန်းခန့်ဖြင့် ရေအောက်သို့ နစ်မြုပ်နေကြောင်း အမေရိကန်နိုင်ငံ ဆန်ဒီယေဂိုမြို့ရှိ ကာလီဖိုးနီးယားတက္ကသိုလ် ပင်လယ်သမုဒ္ဒရာလေ့လာရေးသိပ္ပံမှ သုတေသီယေဟူဒါဘော့က ပြောကြားသည်။

ဗင်းနက်ရှန် ပင်လယ်ရေအိုင်ကြီး **(Venetian Lagoon)** ၌ ပင်လယ်ရေမျက်နှာပြင်သည် တစ်နှစ်လျှင် ၂ မီလီမီတာနှုန်းဖြင့် မြင့်တက်နေကြောင်း သုတေသနအဖွဲ့၏ လေ့လာချက်တွင် ဖော်ပြသည်။

သုတေသီဘော့သည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီတက္ကသိုလ်မှ သုတေသီများ၊ အီတလီနိုင်ငံရှိ တယ်လီရီလီဗာမန်တို ယူရိုပါကုမ္ပဏီမှ သုတေသီများနှင့်အတူ ဗင်းနစ်မြို့၏ ပထဝီဝင်သတင်းအချက်အလက်များကို လေ့လာခဲ့သည်။

တူးမြောင်းများဖြင့် လှပစွာတည်ရှိသော ဗင်းနစ်မြို့နှင့် ယင်းနှင့်ဆက်စပ်နေသော ပင်လယ်ရေအိုင်ကြီးတို့နှင့် ပတ်သက်၍ ဂျီပီအက်စ် ဂြိုဟ်တုမြေပုံများအပေါ် အခြေခံကာ သုတေသနပြု လေ့လာခဲ့သည်။

ဘာသာပြန် တက်လူ

အင်တာနက်

အီတလီနိုင်ငံရှိ ရှေးဟောင်းမြို့ကြီးဖြစ်သော ဗင်းနစ်မြို့၏ အလှကို ကြည့်ရှုခံစားနိုင်သည့် နေရာတစ်နေရာ။

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု

တပ်မတော်ဟူသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအတွက် အသက်တမျှ အရေးပါလှသော အမျိုးသားရေးအကျိုးစီးပွားဆိုင်ရာ ကိစ္စများကို ဦးလည်မသုန် ထမ်းဆောင်ရသော အဖွဲ့အစည်းပင်ဖြစ်သည်။ ပါတီနိုင်ငံရေးနှင့် မစပ်ယှက်၊ မပတ်သက်၊ မဆက်နွှယ်ဘဲ အမျိုးသားနိုင်ငံရေးကို ဦးထိပ်ရွက်လျက် ဦးဆွေးဆံမြည့် ထမ်းဆောင်ရသော အဖွဲ့အစည်းကြီးဖြစ်သည်။

ထာဝရငြိမ်းချမ်းရေးမှသည် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးသို့

ပန်းတောင်းသန်းကြွယ်၏ ဆောင်းပါး (စာမျက်နှာ ၈၊ ၉)

ကန့်ဘလူခင်မောင်ဆွေ၏ **"လက်ရာရှင်"** ကဗျာ (စာမျက်နှာ ၉)

ထူးခြားသည့် နေ့အပူချိန်များ

၂၂-၃-၂၀၁၂

မင်းဘူး	၄၂	ဒီဂရီစင်တီဂရိတ်
ချောက်	၄၀	ဒီဂရီစင်တီဂရိတ်
မကွေး	၄၀	ဒီဂရီစင်တီဂရိတ်

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။